# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး

# ၁၁ ရက်မြောက်နေ့ မှတ်တမ်း

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်

( ၂၀၁၁ ခုနှစ်၊ မတ်လ ၁၆ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေး၊ ၁၁ရက်မြောက်နေ့ အစီအစဥ်ကို နံနက် ၁၀း၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်ကစပြီး ပြည်ထောင်စုသမ္မတမြ န်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးရဲ့ ၁၁ရက်မြောက်နေ့ အစီအစဥ်ကို စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ်အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့မှာအမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေး သို့ တက်ရောက်ခွင့် ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃) ဦး ရှိပြီး၊ ဒီကနေ့ အစည်းအဝေးကို (၂၂၀) ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးရေစုစုပေါင်းရဲ့ (၉၈.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ် စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့ အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀ နဲ့ နည်းဥပဒေ ၂၁ ၊ နည်းဥပဒေခွဲ (က)နဲ့ (ဂ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်းကြေညာ ပါတယ်။ ( ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသား လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေးရဲ့ ၁၁ ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၅၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၁)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်းခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးရှုမောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေး စား အပ် ပါ သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ကျွန်တော်ကတော့ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင်ဖြစ်ပါတယ်။ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးနေဝင်းထွန်းကိုယ်စားခွင့်ပန်ကြားခြင်းကိစ္စကိုတင်ပြခွင့်ပြုပါရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဦးခင်မောင်ရီ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးစိုးဟန်လင်း ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးခင်မောင်ရီ မှ ခွင့်ပန် ကြားအပ်ပါတယ်။ ဦးစိုးဟန်လင်းသည် မူလကပင် နှလုံးသွေးကြောကျဉ်း ရောဂါရှိသူဖြစ်ပြီး ခွဲစိတ်ကုသမှုခံထားရသူ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် မတ်လ (၁၅)ရက်နေ့တွင် ရင်ဘတ်စူး အောင့်သော ရောဂါလက္ခဏာ ခံစားရပါ၍ ကုသနေကျ ပါရဂူဆရာဝန်နှင့် ပြသစစ်ဆေးရန်လိုအပ်ပါသဖြင့် ယနေ့ ၂၀၁၁ခုနှစ် မတ်လ(၁၆)ရက်နေ့တစ်ရက်ကို လွှတ်တော်အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွ တ်ခွင့်ပြုပါရန် ၎င်း၏ ကိုယ်စား လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှအမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးနေဝင်းထွန်းအတွက်(၁၆-၃-၂၀၁၁)နှင့်(၁၇-၃-၂၀၁၁)နေ့ အထိ ခွင့်ပြုဖို့ ၊ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရှုမောင် မှ တင်ပြခြင်းနှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဟန်လင်း ကိုယ်စား ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ မှ(၁၆-၃-၂၀၁၁)ရက်နေ့အတွက်ခွင့်ပန်ကြား ချက်ကို အမျိုးသားလွှတ်တော်ရဲ့ သဘောထားရယူမှာ ဖြစ်ပါတယ်။

ယခုခွင့်ပန်ကြားချက်ကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောတူတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်၂ဦးရဲ့ခွင့်ပန်ကြား ချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။ ( သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ပထမ အကြိမ် အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့် ပြု ထားသူ(၁)ဦး ၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ဦးရေဟာ(၃)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ ၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေ ခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အ ခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အ ခြေအနေကို အမျိုးသား လွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ နယ်စ ပ်ဂိတ်များမှ နိုင်ငံခြား သားများ ဝင်/ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တပတ် နှစ်ပတ် ပြည်တွင်း၌ နေထိုင်ခွင် . ပြု /မပြုနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ယခု ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် ပြည်ထောင်စုအဆင် ့အဖွဲ့အစည်းဝင်များက ဖြေကြားခြင်းအစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ် (၂)ဦးက မေးမြန်း ထားတဲ့မေးခွန်းများဟာ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ က သက်ဆိုင်ရာ မေးခွန်းများကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင် /ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တပတ် နှစ်ပတ် ပြည်တွင်း၌ နေထိုင်ခွင့် ပြု/မပြုနှင့် စပ်လျဉ်း သည့်မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)** ။ ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သလိုပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း ဖြစ်ပါတယ်။ ယခုလိုမေး မြန်းခွင့်ပြုတဲ့ အတွက် များစွာကျေးဇူးတင်ကြောင်း ပြောလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးချင်တာ ကတော့ ချင်း ပြည်နယ်အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဂိတ် များမှ နိုင်ငံခြားသားများ ဝင် /ထွက် သွားလာခွင့်ပြုပြီး အနည်းဆုံး ရက်သတ္တပတ် နှစ်ပတ် ပြည်တွင်း၌ နေထိုင်ခွင့် နှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်မေးလိုတာကတော့ ကမ္ဘာ လှည့်ခရီးသည်များ FIT (Foreign Independent Traveller or Free Independent Traveller)များကိုဥပမာအားဖြင့် နယ်စပ်

မြဝတီဂိတ်(သို့မဟုတ်)နယ်စပ်တာချီလိတ်ဂိတ်ကနေဝင်လာပြီးချင်းပြည်နယ်၊ နယ်စပ်ဂိတ် ရိဒ်ဂိတ်ကနေ ထွက်ခွင့်ပြုသလား။သို့မဟုတ်ချင်းပြည်နယ်ရိဒ်ဂိတ်ကနေဝင်လာပြီး တာချီလိတ်ဂိတ်ကနေ ထွက်ခွင့်ပြုသလား သို့မဟုတ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကနေဝင်လာပြီး ချင်းပြည်နယ် နယ်စပ် ရိဒ်ဂိတ်ကနေ ထွက်ခွင့်ပြုသလား ဒါကို မေးမြန်းလိုတာဖြစ်ပါတယ်။ ယခု ကျွန်တော်တို့ အိမ်နီးနားချင်းနိုင်ငံဖြစ်တဲ့ မလေးရှားနိုင်ငံတို့မှာ ကျင့်သုံးတဲ့ပုံစံဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ လေဆိပ်ကနေဝင်ရင် တစ်ပတ်ဗီဇာပေးပြီး၊ နယ်စပ်ဂိတ် ကနေဝင်ရင် နှစ်ပတ်ဗီဇာ ပေးတဲ့ ပုံစံမျိုးကို ကျွန်တော်တို့ ဥပမာယူပြီး အနည်းဆုံး ရက်သတ္တပတ် နှစ်ပတ် ပြည်တွင်းမှာ နေထိုင်ခွင့် ပြုခြင်းကိုမေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီး မတ်လ (၁၄)ရက်နေ့တွင် ဟိုတယ်နှင့် ခရီး သွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်က စိတ်ရှည်လက်ရှည် ရှင်းပြပြီးသည့် အပေါ် ကျေးဇူးတင်ပါတယ်။ ကျွန်တော်မေးမြန်းလို တာကတော့ ချင်းပြည်နယ်နဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကော်မတီများက စိစစ်ပြီး ကြိုတင်ခွင့်ပြုချက်ရယူပြီး သွားလာခွင့်ပြုခြင်း မဟုတ်ဘဲ လွတ်လွတ်လပ်လပ် ဝင်ရောက် နေထိုင်ခွင့် ပြုနိုင်ခြင်း ရှိ / မရှိ မေးမြန်းလိုတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလိုခွင့်ပြုနိုင်ရင်တော့ အင်တာနက် ဝဘ်ဆိုက်တို့နဲ့ နိုင်ငံခြား မီဒီယာ ၊ ဂျာနယ်၊ သတင်း၊ အမျိုးမျိုးမှာ တင်မယ်ဆိုရင် နိုင်ငံခြားဧည့်သည် ပိုမို ဝင်ရောက်လာနိုင်ပါတယ်။ ကျွန်တော်တို့ သိသလောက် ချင်းပြည်နယ် ရိဒ်ဂိတ်ကနေ လက်ရှိအနေထားမှာ နေ့ချင်းပြန် ဝင်ခွင့်ပြုတာတော့ သိရပါတယ်။ အဲဒီလိုမဟု တ်ဘဲ အနည်းဆုံး ရက်သတ္တပတ်၊ နှစ်ပ တ် နေထိုင် ခွင့်ပြုမယ်ဆိုရင် ဟိုတယ်လုပ်ငန်း၊ ခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်း စားသောက်ဆိုင် လုပ်ငန်းစတဲ့ လုပ်ငန်းအမျိုးမျိုးဖြင့် ချင်းပြည်နယ် စီးပွားရေး အလုပ်အကိုင်အခွင့်အလမ်း အမျိုးမျိုးပေါ်လာနိုင်ပါတယ်။ ဒါကြောင့် ဒီနယ်စပ်ကနေဝင်ပြီး ရက်သတ္တပ တ် အနည်းဆုံး နှစ်ပတ်နေထိုင်ခွင့် ပြုနိုင်ခြင်း ရှိ/မရှိ မေးမြန်းလိုတာ ဖြစ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**အချိန်။ ၁၀း၁၆။**

**ရှမ်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားမျိုးနွယ် နိုင်ငံသားများ၏ နိုင်ငံစိစစ်ရေး ကတ်ပြား များတွင် မှားယွင်းစွာဖော်ပြမှုနှင့် စပ်လျဥ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ကချင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုင်းမြမောင် က ရှမ်းတိုင်းရင်းသားများအပါအဝင် တိုင်းရင်းသား မျိုးနွယ် နိုင်ငံသားများ ၏ နိုင်ငံသား စိစစ်ရေးကတ်ပြားများတွင် မှားယွင်းစွာဖော်ပြမှု နှင့်စပ်လျဥ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၁၇။**

**ဦးစိုင်းမြမောင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)** ။ ။ လေးစားအပ်ပါသော အမျိုး သားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြမောင် ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ နိုင်ငံသားစိစစ်ရေးကတ်ပြားများမှာ လူမျိုးအမည် မှားယွင်းနေမှုနဲ့ ပတ်သက်တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။ အဲဒီမေးခွန်းကတော့ ရှမ်းတိုင်းရင်းသားများ အပါအဝင် ဖြစ်တဲ့ တိုင်းရင်းသား မျိုးနွယ် နိုင်ငံသားများ၏ နိုင်ငံသား စိစစ်ရေးက တ်ပြားများ ထုတ်ပေးတဲ့ လုပ်ငန်းစဉ်မှာ ချွတ်ချော်မှားယွင်းမှုများရှိခဲ့ရာ လူမျိုးအမည်ကို မှားယွင်းစွာဖော်ပြခဲ့ခြင်းများ လည်း တစ်ခုအပါအဝင် ဖြစ်ပါတယ်။ ထိုသို့ ဖြစ်ခဲ့ခြင်းများကြောင့် ဗမာမဟုတ်သည့် တိုင်းရင်းသား မိဘနှစ်ပါးက မွေးဖွားခဲ့သော သားသမီးများ ဗမာ (သို့မဟုတ်) တခြားသော တိုင်းရင်းသားများ ဖြစ်နေသည့်ကိစ္စကို မည်သို့မှန်ကန်အောင် ပြန်လည်ဆောင်ရွက်ပေးနိုင်မလဲ ဆိုတာကို သိရှိလိုပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်။ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ယခုလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းထားတဲ့ မေးခွန်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝ န်ကြီးက တစ်ခုချင်း ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်။ ၁၀း၁၉။**

**ဦးမောင်ဦး(ဝန်ကြီး၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**။လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဒီနေ့လွှတ်တော်အစည်းအဝေးကို တက်ရောက်လာကြတဲ့ကိုယ်စားလှယ်တော်ကြီးများအားလုံးစိတ္တသုခ၊ ကာယသုခ နှစ်ပါး ပြည့်စုံပြီးတော့ လိုအင်ဆန္ဒများကို တစ်လုံးတစ်ဝတည်း ပြည့်စုံနိုင်ကြတဲ့သူများဖြစ်ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သရင်း ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး ဖြစ်ပါတယ်။ ခုနက လွှတ်တော်ဥက္ကဋ္ဌကြီး အမိန့်ရှိသွားတဲ့အတိုင်း လူဝင်မှုကြီးကြပ်ရေးနှင့်

ပြည်သူ့အင်အားဦးစီးဌာနနဲ့ သက်ဆိုင်တဲ့ မေးခွန်းနှစ်ခုစလုံးကို ဖြေကြားနိုင်ဖို့အတွက် ကျွန်တော် အခုလို လာရောက်တင်ပြခြင်း ဖြစ်ပါတယ်။ ပထမ ကိုယ်စားလှယ်တော်ကြီး တင်ပြခဲ့တဲ့အတိုင်း နယ်စပ် ဝင်/ထွက်မှုတွေနဲ့ ပတ်သက်ပြီးတော့ ဟိုတယ်ခရီး ဝန်ကြီး ဦးစိုးနိုင် ဖြေကြားသွားတဲ့ အတွက် တော်တော်ကျေးဇူး တင်ပါတယ်ဆိုတာကို ပြောသွားပြီးဖြစ်ပါတယ်။ အဲဒီအမေး အဖြေတွေ အားလုံးကိုလည်း အဓိကအားဖြင့် ကျွန်တော်တို့ နိုင်ငံတော်က ဖွဲ့စည်း ပေးထားတဲ့ ကော်မတီတစ်ရပ် ရှိပါတယ်။ အဲဒါဟာ ဘာလဲဆိုတော့ နိုင်ငံခြားသား များ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီ တစ်ရပ်အနေနဲ့ ကျွန်တော်တို့ ဖွဲ့စည်းလုပ်ဆောင်ဖို့ ရှိပါ တယ်။ အဲဒီကော်မတီမှာ ကျွန်တော်က ဦးဆောင်ပြီးတော့မှ ပါဝင်ဆောင်ရွက်ရတဲ့ အတွက်ကြောင့် နယ်စပ်ဒေသ ဝင်/ထွက်မှုလုပ်ငန်းတွေ အားလုံး ကို ကျွန်တော်တို့ တော်တော်များများ နားလည် သဘောပေါက် လက်ခံ အကောင်အထည်ဖေါ်နေရတဲ့ အနေအထားအခြေအနေ မျိုးဖြစ်ပါတယ်။ အဲဒီတော့ ပထမမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ် (၂) ကိုယ်စားလှယ်ဖြစ်တဲ့ ဦးဇုန်လှယ်ထန်းရဲ့ မေးမြန်းချက်မှာ ချင်းပြည်နယ်အပါအဝင် မြန်မာနိုင်ငံ နယ်စပ်ဂိတ်များမှ နိုင်ငံခြားသားများ ဝင် /ထွက် သွားလာ နေထိုင်ခွင့်ပြုပြီး နယ်စပ်မှ ဝင်ရောက် လာသူများကို အနည်းဆုံး ရက်သတ္တပတ် နှစ်ပတ် ပြည်တွ င်းမှာ နေထိုင်ခွင့်ပြုနိုင်မှာ လားဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော် ဖြေကြားမှာ ဖြစ်ပါတယ်။ မေးလာတဲ့မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ မြန်မာနိုင်ငံ နယ်စပ်တစ်လျှောက်မှာရှိတဲ့ နယ်စပ်ပေါက်တွေရဲ့ အ ခြေအနေတွေကို တစ်ခုချင်း ရှင်းလင်းပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်မှုနှင့် စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီ စာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးသော်လည်း နယ်စပ်ဒေသမှာ နေထိုင်သူများအတွက် ပြည်သူတွေ တရားဝင် ဝင် /ထွက် သွားလာနိုင်ဖို့အတွက် ကျွန်တော်တို့ နားလည်မှုနဲ့ အဆင့်နဲ့ပဲ ဆောင်ရွက် နေတဲ့ အနေအထား အ ခြေအနေ ဖြစ်ပါတယ်။ ဒါကြောင့် တမူးမြို့ရဲ့ ဝင်/ထွက် စခန်းကို ၁-၂-၁၉၈၉။ ဖလမ်းမြို့မှာရှိတဲ့ ရိဒ်ခေါဒါရ် စခန်းကို ၁၃-၂-၁၉၈၉ မှာ နယ်စပ် ဖြတ်သန်းခွင့် လက်မှတ်စနစ်နဲ့ ကောက်ခံပြီးတော့ ခွင့်ပြုခဲ့တာရှိပါတယ်။ အဲဒီမှာ လက်ရှိ ကျွန်တော်တို့ နဝတ အစိုးရလက်ထက်မှာ ၇-၂-၁၉၉၅ မှာ ညွှန်ကြားချက်အရ ၂၂-၂-၁၉၉၅ ရက်ကစပြီးတော့ နယ်စပ် လက်မှတ်ကို နေ့ချင်းပြန် (၁၀)ရူပီး ကောက်ခံပြီးတော့ ခွင့်ပြုခဲ့တာ ဖြစ်ပါတယ်။ ဒါကိုယ်စားလှယ် ကြီးလည်း ပြောသွားပြီး ဖြစ်ပါတယ်။ အလားတူပဲ အခြားနှစ်နိုင်ငံ

နယ်နိမိတ် ဆက်စပ်နေတဲ့ အခြားနိုင်ငံများနဲ့ ပတ်သက်လို့တော့ အားလုံးဖွင့် ထားပေးပြီး ဖြစ်ပါတယ်။ အနှစ်ချုပ်ပဲ ဖြစ်ပါတယ်။ ကျွန်တော် ဆက်ပြီးတော့ ရှင်းလင်း ဖြေကြားသွားတဲ့အချိန်မှာ ဘာကြောင့်ကျန်ခဲ့တယ်ဆိုတဲ့ အနေအထားအ ခြေအနေလည်း ပေါ်လာမှာဖြစ်ပါတယ်။ မြန်မာ - တရုတ် နယ်စပ်ဝင် /ထွက် သွားလာမှုကို ၂၅-၃-၁၉၉၇ ရက်မှာ ချုပ်ဆိုခဲ့သော နှစ်နိုင်ငံ နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေး စာချုပ်အရ မူဆယ်၊ ကြူကုတ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ မိုင်းလား၊ လွယ်ဂျယ်၊ ရန်လုံကျိုင်း၊ နမ့်ခမ်း စ တဲ့ ဝင်/ထွက်ပေါက်တွေကနေပြီးတော့ နယ်စပ် ဖြတ်သန်းခွင့်ကို (၇)ရက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနဲ့ အထက်ဌာနများရဲ့ ခွင့်ပြုချက်အရဆိုရင် အိမ်နီးချင်းနိုင်ငံသားနှင့် တတိယနိုင် ငံသား တတိယဆိုတာ နှစ်နိုင်ငံ ဆက်စပ်တဲ့ နိုင်ငံအပြင် ခုနက ပြောတဲ့ နို ငံခြားသားအားလုံး ဖြစ်ပါတယ်။ သူတို့ကို ပြည်တွင်း ဝင်/ထွက်ခွင့် လက်မှတ် (၁၃)ညအိပ် (၁၄)ရက်ထိ ခွင့်ပြုပေး ခဲ့ပါတယ်။ တစ်ခါ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာကိုင်တဲ့သူများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများရဲ့ ထောက်ခံချက်ရယူပြီးတော့ အခြား ဝင်ထွက်ပေါက်များကနေပြီးတော့ ထွက်ခွာခွင့်ကိုပေးလျက် ရှိပါတယ်။

မြန်မာ-ထိုင်းနယ်စပ် ဝင် /ထွက်မှုကိုတော့ ကျွန်တော်တို့ ၁၆-၅-၁၉၉၇ ရက်တွင် ချုပ်ဆိုခဲ့သောနှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘော တူစာချုပ်အရ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း သတ်မှတ် ထားတဲ့ ဝင် /ထွက်ပေါက်ကနေပြီးတော့ နှစ်နိုင်ငံ နိုင်ငံသားများကို နယ်စပ်ဖြတ်ကျော်ခွင့်လက်မှတ်ဖြင့် (၆)ည အိပ် (၇)ရက်ကို နယ်စပ်ခရိုင်မြို့အထိ ခွင့်ပြုပေး ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနများ နှင့် အထက်ဌာနများရဲ့ ထောက်ခံချက်ပါလာမယ် ဆိုလို့ရှိရင် အိမ်နီးချင်း နိုင်ငံသား ရော ၊ တတိယနိုင်ငံသားရောကိုပါ (၁၃)ညအိပ် (၁၄)ရက်ကို ခွင့်ပြု ပါတယ်။ နယ်စပ်မှ ဝင် /ထွက်ပေါက်ကိုတော့ နိုင်ငံကူးလက်မှတ် ဗီဇာကိုင်ဆောင်သူ များကိုလည်း ခုနက ထောက်ခံချက်များပါမယ်ဆိုလို့ရှိရင် အခြား ဝင် /ထွက်ပေါက်များ ကနေပြီးတော့ ထွက်ခွာခွင့်များကို ခွင့်ပြုပြီးပေးထားတဲ့ အနေအထားအ ခြေအနေဖြစ်ပါတယ်။

မြန်မာ-လာအိုနယ်စပ်မှာ ၂၉-၃-၁၉၉၇ ရက်က ချုပ်ဆိုခဲ့တဲ့ နှစ်နိုင်ငံ နယ်စပ်ဒေသ စီမံခန့်ခွဲမှုနှင့် ပူးပေါင်းဆောင်ရွက်ရေး သဘောတူ စာချုပ်အရ ဝမ်ပုံ ဖ/ထွက်ပေါက် ကနေပြီးတော့ (၅)ညအိပ် (၆)ရက်ကို နယ်စပ်ခရိုင်အထိ လည်းကောင်း၊ ပတ်စပို့ ဗီဇာပါလာမယ်ဆိုလို့ရှိရင် ပြည်ဝင်ခွင့် လက်မှတ်ကို နေ့ချင်းပြန်အဖြစ်လည်းကောင်း ခွင့်ပြုပေးလျက် ရှိပါတယ်။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နဲ့ပတ်သက်ပြီးတော့ ၁၉-၁၂-၁၉၈၀ ရက်တွင် ချုပ်ဆိုခဲ့တဲ့ နှစ်နိုင်ငံစာချုပ်အရမောင်တော၊ စစ်တွေ ဝင်ထွက် ပေါက်ကနေပြီးတော့ နယ်စပ်ဖြတ်ကျော်ခွင့်ကို (၆)ညအိပ် (၇)ရက်ကို မောင်တော အထိလည်းကောင်း၊ နိုင်ငံခြားရေး ရာမူဝါဒကော်မတီ အစည်းအဝေး၆/၂၀၀၄၏ ခွင့်ပြုချက်အရ ဘင်္ဂလားဒေ့ရှ်ကုန်သည်ကြီးများအသင်းက ထောက်ခံချက် ပါတဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများကို ပြည်ဝင်ခွင့်လက်မှတ်ကို (၁၃)ညအိပ် (၁၄)ရက်ကို စစ်တွေမြို့ အထိ လည်းကောင်း ခွင့်ပြုပေးလျက်ရှိပါသည်။

ဒါကြောင့် နိုဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံ နယ်စပ်ဝင်ထွက်ပေါက်နှင့်ဝင်ရောက်မှု များနဲ့ စပ်လျဉ်းပြီးတော့ နှစ်နိုင်ငံချင်း ညှိနှိုင်းသဘောတူချက် (M.O.U)များအရ နယ်စပ် နယ်နိမိတ်မှာ နေထိုင်သူ အိမ်နီးချင်းနိုင်ငံသားများနှင့် တတိယနိုင်ငံသားများကို ဝင်ထွက်ခွင့်ပြု ကြောင်း တွေ့ရမှာဖြစ်ပါတယ်။ မည်သည့် တိုင်းဒေသကြီးမှ ခွဲခြားပြီး ဝင်ထွက်ခွင့် ပြုနေခြင်း လည်း မရှိပါဘူး။ ပကတိအခြေအနေမှာတော့ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံဟာ နိုင်ငံတော်အဆင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ရေးကို အသေးစိတ်ညှိနှိုင်းဆောင်ရွက်နေဆဲပဲဖြစ် ပါတယ်။ အဓိကအားဖြင့်တော့ နိုင်ငံတော်အဆင့် သဘောတူညီချက် စာချုပ်ရှိမှသာလျှင် ဗီဇာ ပေးနိုင်တဲ့ အနေ အထားအခြေအနေရှိကြောင်း အားလုံး သိရှိနိုင်မည်ကို ဖြေရှင်း တင်ပြအပ် ပါတယ်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး ဦးစိုင်းမြမောင် ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)ကမေးလာတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ကျွန်တော် ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ရှမ်းတိုင်းရင်းသားများ အပါအဝင်ဖြစ်သည့် တိုင်းရင်းသားမျိုးနွယ် နိုင်ငံသားများ ၏ နိုင်ငံသားစိစစ်ရေး က တ်ပြားများ ထုတ်ပေးသည့်လုပ်ငန်းစဉ်တွင် ချွတ်ချော်မှားယွင်းမှုများရှိ ခဲ့ရာ လူမျိုးအမည်ကို မှားယွင်းစွာ ဖော်ပြခဲ့ခြင်းများလည်း ပါဝင်ခဲ့ကြပါတယ်။ ထိုသို့ဖြစ်ခဲ့ခြင်း များကြောင့် ဗမာ မဟုတ်သည့် တိုင်းရင်းသားမိဘနှစ်ပါးက မွေးဖွားခဲ့သော သားသမီးများ ဗမာ (သို့မဟုတ်)အခြားသော တိုင်းရင်းသားများဖြစ်နေသည့်ကိစ္စကို မည်သို့ မှန်ကန်အောင် ပြန်လည် ဆောင်ရွက်ပေးနိုင်မယ်ဆိုတာကို သိရှိလိုပါသည်ဆို ပြီးတော့ မေးခြင်း ဖြစ်ပါတယ်။ အောက်ပါ အတိုင်း ကျွန်တော် ဖြေကြားအပ်ပါတယ်-

နိုင်ငံသားစိစစ်ရေးကတ်ပြားတွေမှာ လူမျိုးအမည် မှားယွင်းဖော်ပြချက်များကို မှန်ကန်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ကာယကံရှင်သည် အိမ်ထောင်စုဝင်အမည် စာရင်းမှာရှိတဲ့ သက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသို့ ကိုယ်တိုင်ရေး လျှောက်လွှာနှင့် နိုင်ငံသား၏ ကိုယ်ရေးပုံစံ နိုင် - ၂ ပါ အကြောင်းအရာတစ်ခုခု ပြောင်းလဲ ပေးရန်အတွက် မှန်ကန်စွာ ဖြည့်စွ က်ပြီး အောက်ပါအထောက်အထား စာတမ်းများနှင့် အမှုတွဲ ပြုစု၍ ကိုယ်တိုင်လျှောက်ထားရန် လိုအပ်ပါတယ်။ အဲဒါတွေကတော့-

ကာယကံရှင်ရဲ့ ကိုယ်ရေးလျှောက်လွှာမူရင်း တစ်စောင်၊ ကာယကံရှင်၏ အမည် စာရင်းပါဝင်တဲ့ အိမ်ထောင်စုဝင်အမည်စာရင်း မူရင်းနှင့်မိတ္တူ တစ်စောင် ဒါကျွန်တော်တို့က မူရင်းကို ပြန်ပေးပြီးတော့ မိတ္တူ ကို ရုံးမှာ သိမ်းထားမှာဖြစ်ပါတယ်။ကာယကံရှင်ကိုင်ဆောင်သည့် လက်မှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ကာယကံရှင်ကိုင်ဆောင်သည့် မှတ်ပုံတင်ကတ်ပြား၏ ပုံစံ(၁)နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား နိုင်၂ မိတ္တူ ကာယကံရှင်၏ မိဘနှင့်နှစ်ဘက်ဘိုးဘွားများရဲ့ ကိုင်ဆောင်တဲ့လက်မှတ်/ ဒါမှမဟုတ် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတစ်စောင်၊ ကာယကံရှင်၏ မိဘနှင့် နှစ်ဘက်ဘိုးဘွားများ၏ ကိုင်ဆောင်သည့် မှတ်ပုံတင်ပုံစံ မိတ္တူ တစ်စောင် နဲ့ နိုင်ငံသား စိစစ်ရေးကတ်ပြားပုံစံ တစ်စောင်၊သက်ဆိုင်ရာ ရပ်ကွက်/ အုပ်စု ရယက ဥက္ကဋ္ဌများရဲ့ထောက်ခံချက် တစ်စောင်၊ မြို့နယ် ရဲတပ်ဖွဲ့၏ ထောက်ခံချက်မူရင်း တစ်စောင်၊ ကာယကံရှင် ကိုယ်တိုင်က ပုံစံ (၂) ပါအကြောင်းအရာပြောင်းလဲပေးရန်အတွက်(ပုံစံ၉၀/၁/နငသ) မူရင်းနှင့်မိတ္တူ တစ်စောင်တို့ ဖြစ်ပါတယ်။ အဲဒီလိုအပ်တဲ့ စာရွက်စာတမ်း(၉)မျိုးကိုလည်း သက်ဆိုင်ရာမြို့နယ်အလိုက် လ .ဝ.က ရုံးတွေမှာ ကပ်ထားပေးပြီး ဖြစ်ပါတယ်။

ကာယကံရှင်ကိုယ်တိုင်က တင်ပြလာတဲ့ အထောက်အထားများကို သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံးက ရုံးလက်ခံမှတ်တမ်းများ နှင့် မှန်/မမှန် ပထမဆုံး စစ်ဆေး ပါမယ်။ မှန်ကန်လို့ ရှိရင် မြို့နယ်ဦးစီးဌာနမှူး က သူကိုယ်တိုင် တာဝန်ခံပြီး သက်ဆိုင်ရာတို င်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနရုံးသို့ ဆက်ပြီးတော့ ပို့ရမှာ ဖြစ်ပါတယ်။ သက်ဆိုင်ရာတိုင်းနဲ့ ပြည်နယ် ဦးစီးဌာနကို ရောက်ရှိ သွားတဲ့အခါမှာလည်း ထပ်မံ စိစစ်ပြီးတော့ ပုံစံကိုက် လို့ရှိရင် ပုံစံ ၉၀/၁/နငသ တွင် လက်မှတ်ရေးထိုး အမှုတွဲပြုစု ပြီးတော့ ဦးစီးဌာန (ရုံးချုပ်) သို့ ပို့ရမှာဖြစ်ပါတယ်။

ရုံးချုပ်ကို ရောက်တဲ့အခါမှာရုံးလက်ခံမှတ်တမ်းတွေနဲ့ မှန်ကန်မှု ရှိမရှိစစ်ဆေးပြီးမှ မှန်ကန်လို့ရှိရင် ညွှန်ကြားရေးမှူးချုပ်ရဲ့ အခွင့်အာဏာနဲ့ လူမျိုးပြင်ဆင် မှုကို ခွင့်ပြုပေးထားပါတယ်။ စိစစ်မှုအပိုင်းနဲ့ ပတ်သက်လာရင် မြို့နယ်အဆင့်၊ တိုင်းနဲ့ပြည်နယ်အဆင် ့၊ ရုံးချုပ်အဆင့် သုံးဆင့်လုပ်ပြီးမှပြန်ပြီးတော့ ပြင်ပေးတယ်ဆိုတဲ့ လုပ်ငန်းစဉ်အနေအထားကို သိရှိနိုင်ရန် တင်ပြခြင်း ဖြစ်ပါတယ်။ ဒီလိုလူမျိုးအမည် ပြင်ဆင်ခြင်း၊ မွေးသက္ကရာဇ်ပြင်ဆင်ခြင်း၊ အမည်ဖြည့်စွက်ခြင်း၊ မိဘအမည်ပြင်ဆင်ခြင်းစတဲ့လုပ်ငန်းများကို ဆောင်ရွက်လိုပါ လျှင် ကာယကံရှင်များဟာသက်ဆိုင်ရာလူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများမှာ အသေးစိတ်ဆက်သွယ်လျှောက်ထားနိုင်ကြောင်း၊ စုံစမ်းနိုင်ကြောင်း တင်ပြအပ်ပါတယ်။ (သြဘာသံများ)

**စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်။ ၁၀း၃၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ၊ မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါက်တာမြတ်ဉာဏစိုးက စက်သုံးဆီဖြန့်ဖြူးရောင်းချခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၀း၃၃။**

**ဒေါက်တာမြတ်ဉာဏစိုး၊ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်နယ်နှင့် တိုင်းဒေသအသီးသီးမှ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးကို ကျန်းမာ ရွှင်လန်းပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သပါရစေ။ ကျွန်တော်ဒီနေ့ မေးမြန်းလိုတဲ့မေးခွန်း ကတော့ စက်သုံးဆီဖြန့်ဖြူးရေး နှင့် ပတ်သက်လို့ ဖြစ်ပါတယ်။ လက်ရှိ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျင့်သုံးနေတဲ့ဈေးကွက် စီးပွားရေးစနစ်နဲ့အညီ စက်သုံးဆီဆိုင်တွေကို ပုဂ္ဂလိကကို လုပ်ပိုင်ခွင့် ပေးပြီးဖြစ်ပါတယ်။ ဒီမေးခွန်းကို မေးမြန်းခဲ့စဉ်က ဖေဖော်ဝါရီလ (၁)ရက်နေ့မှာ မေးမြန်းခဲ့ တာဖြစ်ပါတယ်။ အဲ ဒီအခါကျတော့ ကျွန်တော်တို့က စက်သုံးဆီလို့ မြင်လိုက်တာနဲ့ ကားတို့၊ ဆိုင်ကယ်တို့၊ စက်တပ်သမ္ဗာန်တို့ ဒါတွေကိုပဲ ကျွန်တော်တို့ ပြေးမြင်ပါတယ်။ သို့သော် သယ်ယူ ပို့ဆောင်ရေးကဏ္ဍမှာတင်မကပါဘူး။ စက်သုံးဆီကို ထိပိုင်တတ်နိုင်စက်မှု လုပ်ငန်းတွေ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိယာတွေမှာလည်း အသုံးပြုနေရပါ တယ်။ အဲဒီအတွက်ကြောင့်မို့လို့ စွမ်းအင်ဝန်ကြီး ဌာနအနေဖြင့် နို င်ငံတော်အနေနဲ့ရော Sympathize

လုပ်ပြီးတော့ကို နိုင်ငံတော်ကနေပြီးတော့ စိုက်ထုတ်ကျခံပေးနေတာ၊ စက်သုံးဆီဈေးတွေကို ဒါလည်းအထူးပထမကျေးဇူးတင်ရှိပါတယ်ဆိုတာကိုဒီနေရာကနေပြီးတော့ပြောင်ပြလိုပါတယ်။ အထူးသဖြင့် ကျွန်တော် ဒီမေးခွန်းကို ပေးပို့မေးမြန်းခဲ့တဲ့ ဖေဖော်ဝါရီ (၁)ရက်နေ့တုန်းက မသိသာပေမယ့် အခုအချိန်မှာဆိုရင် အခုကမ္ဘာ့ ရေနံဈေးတွေက တရှိန်ထိုး တိုးတက်လာတဲ့အချိန်မှာ ပြည်တွင်းမှာတော့ နိုင်ငံတော်ကနေ အကုန်အကျခံပြီးတော့ကို ဓါတ်ဆီဈေး တွေကို (၂၅၀၀)ကျပ်နဲ့ပဲ ဖြန့်ဖြူး ရောင်းချပေးနေတာကို အင်မတန်မှ ဝမ်း မြောက်ဝမ်းသာဖွယ်ရာ တွေ့ရပါတယ်။ ဒါ့အပြင် ပုဂ္ဂလိကစက်သုံးဆီဆိုင်တွေဟာ စက်တပ်ယာဉ်တွေကိုတော့ ဖြန့်ဖြူးရောင်းချပေးပါတယ်။ တ စ်ပိုင်တစ်နိုင် စက်မှုလုပ်ငန်းသုံး အင်ဂျင်စက်တွေ၊ မီးစက်တွေ ဒါတွေအတွက် စက်သုံးဆီတွေကို ယခင်တုန်းက ပုံးနဲ့လာရောက် ဝယ်ယူမယ်ဆိုရင် ရောင်းချပေးခဲ့ခြင်းမရှိပါဘူး။ သို့သော်ငြားလည်း ဖေဖော်ဝါရီလ (၇)ရက်နေ့မှာ စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ကြီးကိုယ်တိုင် ဦးဆောင်ပြီး တော့ ဒီကိစ္စကို အ ရေးယူဆောင်ရွက်ခဲ့ပြီးတော့ ညွှန်ကြားချက်များထုတ်ပြန်ပေးခဲ့တဲ့အတွက်ကြောင့်မို့လို့ အခုအချိန်မှာ ပုဂ္ဂလိက စက်သုံးဆီဆိုင်များကလည်း သင့်လျော်တဲ့ ပုံးအမျိုးအစား၊ စက်သုံးဆီထည့်သွင်းဖို့ ပလတ်စတစ်ပုံး ပါးပါးလေးနဲ့ လာဝယ်ရင်တော့ ရောင်းလို့ဘယ်ဖြစ်ပါ့မ လဲ။ အဲဒီအခါကျတော့ အနေအထား မျိုးနဲ့ ရောင်းချပေးနေတာကိုလည်း ဝမ်းမြောက်ဝမ်းသာဖွယ်ရာတွေ့မြင်နေရပါတယ်။ သို့သော်လည်းဒီနေရာမှာ တစ်ဆက်တည်း မေးခွန်းမေးမြန်းရင်းနဲ့ ဖြစ်ပျက်နေတဲ့အခြေအနေ လေးကို တင်ပြချင်တာက ကျွန်တော်တို့နေပြည်တော်ခရိုင်၊ လယ်ဝေးမြို့မှာရှိတဲ့ ဓါတ်ဆီဆိုင်မှာကို ပုံးဖြင့် လုံးဝမရောင်းပါဆိုတဲ့ စာသားကို မနေ့ကအထိ ချိတ်ဆွဲထားပါတယ်။ သက်ဆို င်ရာ ဝန်ကြီးဌာနက ညွှန်ကြားသော်ငြားလည်း ဒါဟာ နိုင်ငံတော်နှင့် မသက်ဆိုင်ပါဘူးခင်ဗျား။ ပုဂ္ဂလိကတွေရဲ့ အားနည်းမှုပါပဲ။ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအပိုင်းက လိုက်နာဆောင်ရွက်မှု အားနည်းနေတာကို တွေ့ရှိရပါတယ်။ နောက်တစ်ခုက ခုန ကျွန်တော်တင်ပြသွားသလိုပါပဲ။ တစ်ပိုင်တစ်နို င် စက်မှုလုပ်ငန်းတွေ လယ်ယာသုံးစက်ကိရိယာ တွေဟာလည်း ဒီစက်သုံးဆီတွေကို သုံးစွဲနေရတဲ့ အခါမှာ မိမိတို့နိုင်ငံသားတွေကလည်း နိုင်ငံ သားတွေရဲ့ ကျင့်ဝတ်နဲ့လျော်ညီစွာနေဖို့လည်း လိုပါတယ်။ ခေတ်မီတိုးတက်တဲ့ နိုင်ငံတော်ကြီးကို တည်ဆောက်ရင်း ကိုယ်တိုင်လည်း Participate ပါဝင်ဆောင်ရွက်နိုင်မှ နိုင်ငံသားတာဝန်ကျေပွန်ဖို့ရာ လိုပါတယ်။ အခုဟာက အထူးသဖြင့် ဒီနေ့ဖြစ်နေတဲ့ ပြဿနာက မော်တော်ယာဉ်တွေ၊ စက်သုံးဆီတွေကို တန်းစီပြီးတော့ ထုတ်တယ်။ ကန့်သတ်ပြီးတော့

ရောင်းချနေရတယ်။ တစ်နေ့လုံးသွားနိုင်တဲ့ခရီးပမာဏထက် ကိုယ်သုံးစွဲတဲ့ ပမာဏထက် ကျော်လွန်ပြီးတော့ကို ဒါဟာအခွင့်အရေးပဲဆိုပြီးတော့ ထုတ်ပြီးတော့ စက်သုံးဆီတွေကိုမြောက်မြားစွာ ထုတ်နေပါတယ်။ ထုတ်ပြီးတဲ့အခါကျတော့ ဒါတွေကို တစ်ဆင့်ခံ ကြားထဲက နေပြီးတော့ စီးပွားရေး သမားတွေ၊ မသမာတဲ့ ဝိသမလောဘသားတွေက ဈေးကစားပြီးတော့ ပြန်လည်ပြီးတော့ ရောင်းချနေပါတယ်။ ဒါကြော င့်မို့လို့ မှောင်ခိုဈေးကွက်ကြီးက ကြီးမား ကျယ်ပြန့်နေတာလည်း ဖြစ်ပါတယ်။ ဒီအတွက်ကြော င့်မို့လို့ စွမ်းအင်ဝန်ကြီးဌာန အနေနဲ့ စက်တပ် မော်တော်ယာဉ် များသာမကပဲ တခြားဒီဇယ်တို့၊ ဓါတ်ဆီတို့ သုံးစွဲနေရတဲ့ အိမ်တွင်းစက်မှု လုပ်ငန်းငယ်လေးများ လယ်ယာစိုက်ပျိုးရေးသုံး စက်ကိရိ ယာများ သုံးစွဲနေရတဲ့ တောင်သူဦးကြီး များကို စားသုံးသူ လက်ဝယ်အရောက် စက်သုံးဆီများကို တိုက်ရိုက် ဖြန့်ဖြူးပေးနိုင်ဖို့ အစီအစဉ်ရှိ / မရှိကို မေးမြန်းလိုပါတယ်။ ဒီလိုရှိခဲ့မယ်ဆိုရင် နိုင်ငံတော်ရဲ့ သယ်ယူပို့ဆောင်ရေး၊ ကုန်ဈေးနှုန်း ကျဆင်းရေး၊ထုတ်ကုန်တိုးမြှင့်ရေး၊လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍတွေမှာများစွာ တိုးတက်ပြီးတော့ ဆောင်ရွက်လာနိုင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အနေနဲ့ကတော့ အခုလို ပြည်သူတွေ အတွက် လိုအပ်နေတဲ့ကဏ္ဍတွေကို ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းတဲ့ အခါမှာ ဂရုတစိုက်နဲ့ သေသေချာချာ ကျကျနန မအားမလပ် အချိန်တွေကြားထဲကနေ လာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် ဝန်ကြီးများကိုလည်း အထူးပင်ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၀း၄၀။**

**ဥက္ကဋ္ဌ။** ။ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄)မှ ဒေါက်တာမြတ်ညာဏစိုး က စက်သုံးဆီဖြန့်ဖြူးရောင်းချရေးနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားတဲ့အတွက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်။ ၁၀း၄၁။**

**ဦးလွန်းသီ (ဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ တက်ရောက်လာပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များ နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်း တို့နှင့် ပြည့်ဝကြပါစေကြောင်း ရှေးဦးစွာ မေတ္တာပို့သအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြတ်ဉာဏစိုး မေးထားတဲ့ စွမ်းအင်ဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းကို ဖြေကြားရန် တာဝန်ရှိတဲ့ ပြည်ထောင်စု အဆင့်အဖွဲ့အစည်းဝင် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ကျွန်တော် ဦးလွန်းသီမှ ဖြေကြားမှာ ဖြစ်ပါတယ်။

ဒေါက်တာမြတ်ဉာဏစိုးမေးထားတဲ့ မေးခွန်းကတော့ ဈေးကွက်စီးပွားရေးစနစ် စံနှုန်းများနှင့်အညီ စက်သုံးဆီ ဆိုင်များကို ပုဂ္ဂလိကသို့ လွှဲ ပြောင်းပေးပြီးဖြစ်သော်လည်း စက်သုံးဆီများကို မော်တော်ယာဉ်များနှင့် စက်တပ်ယာဉ်များသာ ဝယ်ယူခွင့် ရှိပြီး ပုံးများနှင့်လည်း သယ်ဆောင်ဝယ်ယူခွင့် မရှိသည်ကို တွေ့ရှိရပါသည်။ သို့ရာတွင် စက်သုံးဆီများကို စက်တပ်ယာဉ်များသာမက မီးစက်များ ၊ တစ်ပိုင်တစ်နိုင်စက်မှုလုပ်ငန်းသုံး အင်ဂျင်စက်များ၊ လယ်ယာစိုက်ပျိုးရေးသုံးစက်ကိရိယာများတွင်လည်း အသုံးပြုနေရပါသည်။ အဆိုပါ အိမ်တွင်း စက်မှုလုပ်ငန်းများနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ အတွက် လိုအပ်သည့် စက်သုံးဆီ များကို စက်တပ်ယာဉ်များမှ တ စ်ဆင့်ခံဝယ်ယူသုံးစွဲနေရသဖြင့် မှောင်ခို ဈေးကွက် ကြီးမား ကျယ်ပြန့်ကာ ဈေးနှုန်းကွာဟချက်လည်း မြင့်မားနေပါသည်။ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်း ကျဆင်းရေး၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေး၊ အိမ်တွင်းစက်မှုလုပ် ငန်းများနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် အရေးတကြီး လိုအပ်ချက်ဖြစ်သည့် သုံးစွဲသူများ လက်ဝယ်သို့ တိုက်ရိုက်အရောက် စက်သုံးဆီဖြန့်ဖြူးရောင်းချသည့် စနစ်တစ်ရပ်ကို အကောင်အထည် ဖော် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဖြေကြားပေး စေလိုပါကြောင်း မေးမြန်းထားပါတယ်။

၎င်းမေးခွန်းကိုဖြေကြားပါမယ်။ စွမ်းအင်ဝန်ကြီးဌာနမှ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင် (၂၆၀)ဆိုင်ကို ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်မှ ပုဂ္ဂလိကသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချခဲ့ပြီး ၂၀၁၀ခုနှစ် ဇွန် လ(၁၀)ရက်နေ့မှစ၍ စတင် ဖွင့်လှစ် ရောင်းချခွင့်ပြုခဲ့ပါတယ်။ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ယခင်စွမ်းအင်ဝန်ကြီး ဌာနမှ ရောင်းချခဲ့သည့်အတိုင်း မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကိုသာ အဓိကထား ဖြန့်ဖြူးရောင်းချခဲ့ကြပါတယ်။ ယခုအခါ စွမ်းအင်ဝန်ကြီးဌာနမှ ပုဂ္ဂ လိကဆီဆိုင်များသို့ အခြား ကဏ္ဍများအတွက်ပါ ဒီဇယ် /ဓါတ်ဆီတို့ကို လွတ်လပ်စွာရောင်းချရန် ညွှ န်ကြားပြီး ဖြစ်သကဲ့သို့

ပုဂ္ဂလိကဆီဆိုင်များမှလည်း ဖေဖော်ဝါရီလအစမှ စ၍ အခြားကဏ္ဍများကိုပါ လွတ်လပ်စွာ ရောင်းချနေပြီဖြစ်ပါတယ်။

နိုင်ငံတော်အတွက် စက်သုံးဆီထုတ်လုပ်ရောင်းချမှုအခြေအနေကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ ပိုမိုသိရှိစေရန် ထပ်မံရှင်းလင်း တင်ပြပါမယ်။ ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင်များမှ ဒီဇယ်ကိုဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ကမ္ဘာ့စက်သုံးဆီ ပေါက်ဈေး အတက်/အကျ ပေါ်မှာ မူ တည်၍ (Floating Price)ဖြင့် လွတ်လပ်စွာ ရောင်းချနေရာ ပြည်သူလူထုမှ ကြိုက်သလောက် ဝယ်ယူနေနိုင်ကြပြီးဖြစ်ပါတယ်။

ဓါတ်ဆီကိုမူ စွမ်းအင်ဝန်ကြီးဌာနက ကုန်းတွင်းမှတူးဖော်ရရှိသော ရေနံစိမ်း (Crude Oil )နှင့် ကမ်းလွန်မှ ထုတ်လုပ်ရရှိသော လေဆီ (Condensate)တို့ကို မိမိရေနံချက်စက်ရုံများမှချက်လုပ်ရရှိသည့် ပြည်တွင်းထုတ်ဓါတ်ဆီကို ပုဂ္ဂလိကစက်သုံးဆီ အရောင်းဆိုင် များမှတစ်ဆင့် ပြည်သူလူ ထုသို့ လျှော့ဈေးဖြင့် ရောင်းချပေးနေပါတယ်။ ဓါတ်ဆီကို လစဉ် ဂါလံ(၁၀)သန်းခန့် ထုတ်လုပ်နိုင်ပြီး နိုင်ငံပိုင် ကဏ္ဍအတွက် ဂါလံ (၁)သန်း ကျော်ခန့် အသုံးပြု၍ ပုဂ္ဂလိကသို့ ဂါလံ (၉)သန်းခန့် ရောင်းချပေးနေပါတယ်။ အစိုး ရမှ ဓါတ်ဆီကို လျှော့ဈေးဖြင့် ရောင်းချပေးရာ ကမ္ဘာ့ဓါတ်ဆီပေါက်ဈေးထက် သက်သာနေတာကို လွှတ်တော်ကိုယ်စားလှယ်ကြီးများ သတိထားမိကြမှာဖြစ်ပါတယ်။ အရေအတွက်မှာ နိုင်ငံတော်မှ ပုဂ္ဂလိက ကဏ္ဍအတွက် ဓါတ်ဆီဂါလံ(၉)သန်းခန့် လစဉ်ရောင်းချပေးနိုင်ပြီး ပြည်သူလူထုကို လွတ်လပ်စွာ ရော င်းချပေးသဖြင့် ဤဂ ါလံ(၉)သန်းနှင့်မလုံလောက်ပါ။ သို့အတွက် လိုနေသော ဓါတ်ဆီကို ပြည်ပမှ တင်သွင်းရောင်းချရန် နိုင်ငံတော်မှ စီစဉ်ပေးထားပါတယ်။ နိုင်ငံတကာသုံးဖြစ်သည့် ဓါတ်ဆီ92 Ron ကို ပုဂ္ဂလိကလုပ်ငန်းရှင်များအား ပြည်ပမှ အလုံအလောက် တင်သွင်းခွင့်ပြုပြီး လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချစေပါတယ်။ ပြည်သူလူထုမှဓါတ်ဆီ 92 Ronကို ကြိုက်သလောက် လွတ်လပ်စွာ ဝယ်ယူနိုင်ကြပါတယ်။

သို့သော်လည်း သုံးစွဲသူ အများစုအနေဖြင့် ပြည်တွင်းထုတ်ဓါတ်ဆီမှာ ဈေးသက်သာခြင်း ၊သုံးနေကျဖြစ်ခြင်း စသည့်အချက်များကြောင့် ပိုမိုဝယ်ယူသုံးစွဲကြပြီး အစပိုင်းတွင် အဆင့်မြင့်ကားပိုင်ရှင်များလောက်သာ 92 Ron ဓါတ်ဆီကို ဝယ်ယူအသုံးပြုကြတာ တွေ့ရှိရပါတယ်။ သို့ရာတွင် ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ မှ စတင်ရောင်း ချသည့် ၂၀၁၀ခုနှစ်

ဇွန်လတွင်  92 Ronဓါတ်ဆီ တစ်နေ့ ပျမ်းမျှရောင်းအားမှာ (၃၈၂)ဂါလံသာ ရှိခဲ့ရာမှ ၂၀၁၁ခုနှစ် မတ်လ(၁၅)ရက်နေ့  မနေ့ကရောင်းအား(၄၉၅၈၂)ဂါလံအထိပိုမိုတိုးတက်ဝယ်ယူလာတာကို တွေ့ရှိရပါတယ်။

ထို့အပြင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ ၂၀၁၀ခုနှစ် ဇွန်လတွင် စက်သုံးဆီဆိုင်  (၂၆၀)ကို လွှဲပြောင်းပေးခဲ့ ပြီး လိုအပ်ချက်အရ ဆိုင်သစ်များ ထပ်မံတိုးချဲ့တည်ဆောက်ရောင်းချစေခဲ့ရာ ယခုအခါ ပုဂ္ဂလိကစက်သုံးဆီဆိုင်ပေါင်း  (၃၃၂)ဆိုင်အထိ တိုးတက်ဖွင့်လှစ်ရောင်းချနေပြီဖြစ်ပါတယ်။

ယခုအခါ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်မရှိသေးသည့် မြို့များ၊ မြို့သစ်များ၊ မြို့နယ်ခွဲများ ရှိသကဲ့သို့ အချို့သော လမ်းဆုံ /လမ်းခွနေရာများနှင့် လ မ်းကြောအနေအထားတို့အရ ဆိုင်အသစ်တည်ဆောက်ဖွင့်လှစ်ပေးရန် လိုအပ်သဖြင့်လည်းကောင်း၊ ဆိုင်မရှိသည့် ဒေသများသို့ တရားမဝင်စက်သုံးဆီ သယ်ယူတင်ပို့ ရောင်းချမှုများနှင့် တရားမဝင်လမ်းဘေး ဆီဆိုင်များ လျော့နည်း ပပျောက်စေရန်အတွက်  လည်းကောင်း၊ တစ်ပြည်လုံးနေရာ အနှံ့အပြားတွင် စက်သုံးဆီသုံးစွဲသူ ပြည်သူလူထုအား လက်ဝယ်အရောက် တိုက်ရိုက်  ဖြန့်ဖြူး ရောင်းချပေးနိုင်ရန် အတွက် လည်းကောင်း၊  ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်း လိုအပ် သည့် နေရာများတွင်  ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်သစ်များကို ပုဂ္ဂလိကများမှ ဖွင့်လှစ် ရောင်းချစေရန်အတွက် ဥ  ပဒေနှင့်အညီ အားပေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ (သြဘာသံများ)

**အချိန်။၁၀း၄၉ ။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။  ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့်ဖြေကြားခြင်းကဏ္ဍ ပြီးဆုံးပါပြီ။ ယခုအမျိုးသား လွှတ်တော် အစည်းအဝေးကို ခေတ္တရပ်နားပြီး ၁၁း၁၅ နာရီအချိန်မှာ ပြန်လည် ကျင်းပမှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ပုံမှန်အစည်းအဝေးကို ၁၀း၄၉ နာရီအချိန်တွင် ရပ်နားပြီး ၁၁း၁၅ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်။၁၁း၁၅ ။**

**အခမ်းအနားမှူး** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား၊အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက် လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**အချိန်။၁၁း၂၀။**

## ဦးစတီဗင်သာဘိတ်၊ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)၏ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ကျန်းမာရေးပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်းချမှတ်ဆောင်ရွက်ပေးနိုင်ရန် အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ၏ဦးစတီဗင်သာဘိတ်ကကျန်းမာရေးကဏ္ဍတွင်ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့ တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက်ပေး နိုင်ရန် တင်သွင်းထားတဲ့အဆိုကို ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီးက ပြန်လည်ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၂၂။**

**ဒေါက်တာကျော်မြင့်(ဝန်ကြီး၊ကျန်းမာရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်း နှင့် ပြည့်စုံကြပါစေ၊ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ကျွန်တော်အနေနဲ့ ဆုမွန်ကောင်း ပို့သအပ် ပါသည်။ ကျွန်တော်ကတော့ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး တာဝန်ထမ်းဆောင်နေသော ဒေါက်တာကျော်မြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အခု ချင်းပြည်နယ်ဟားခါးမြို့နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် တင်သွင်းသော ကျန်းမာရေး ကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့်

ဘုတ်အဖွဲ့တစ်ခုဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ် ဆောင်ရွက် ပေးနိုင်ရန်အဆိုကို ကျွန်တော်အနေနဲ့ ပြန်လည် ဖြေရှင်းမှာ ဖြစ်ပါတယ်။ မဖြေကြားခင် ကျွန်တော် ဒီအဆို တင်သွင်းသော လွှတ်တော် ကိုယ်စားလှယ်ကြီးနဲ့ အဆိုကို ဆွေးနွေး ပေးပါသော လွှတ်တော်ကိုယ်စားလှယ်ကိုလည်း ကျေးဇူး တင်ရှိပါကြောင်း ပဏာမပြောကြား လိုပါတယ်။ ကျွန်တော်တို့ ကျန်းမာရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ အညီ နိုင်ငံတော်၏ ကျန်းမာရေးဆိုင်ရာ အမြင့်ဆုံးအဖွဲ့ဖြစ်သောအမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါတယ်။ အမျိုးသား ကျန်းမာရေး ကော်မတီ ကို နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနနှင့် နှီးနွယ် နေတဲ့ ဝန်ကြီးဌာနမှ ဝန်ကြီးများ ၊ ဒုတိယဝန်ကြီးများ၊ အခြား အရေးကြီးဌာနမှ ပုဂ္ဂိုလ်တို့ဖြင့် အဖွဲ့ဝင် (၁၅)ဦးပါဝင်တဲ့ အဖွဲ့အစည်းဖြင့် ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။

ဒီအဖွဲ့မှာဆိုရင် အမျိုးသားကျန်းမာရေးကော်မတီဟာဆိုရင်သူ့ရဲ့မူဝါဒများ၊ တာဝန်ဝတ္တရားများကို ပီပီပြင်ပြင် ရေးဆွဲထားပြီး တော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အမျိုးသား ကျန်းမာရေးကော်မတီသည် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များတွင် အမြင့်ဆုံးဘုတ်အဖွဲ့အစည်း ဖြစ်ပြီးတော့ လိုအပ်သော မူဝါဒများ၊ ဥပဒေများကို လိုက်နာကျင့်သုံးရန် မူဝါဒချမှတ်ပေးသော အဖွဲ့တစ်ခုဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ၎င်းအပြင် တိုင်းပြည်၏ ဖြစ်ပေါ်နေသော ကျန်းမာရေးဆိုင်ရာ ပြဿနာ ကိစ္စအရပ်ရပ်များကို ဖြေရှင်းနိုင်ရန်အတွက် အတွေ့အကြုံ ရင့်ကျက်နေသော အငြိမ်းစား ပါမောက္ခကြီးများ၊ ပညာရှင်များ၊ မြန်မာ့ဆေးပညာရှင်ကြီးများနှင့် ဖွဲ့စည်းထားသော မြန်မာနိုင်ငံ ဆေး ပညာရှင် အဖွဲ့မှာလည်း ကျန်းမာရေးကဏ္ဍတွင် အကြံပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ အခြား ဆေးပညာဆိုင်ရာ အဖွဲ့အစည်းများဖြစ်သော မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ အသင်း၊ မြန်မာနိုင်ငံ လက်ထောက်ကျန်းမာရေးအသင်းအစရှိတဲ့ အသင်းတို့မှလည်း ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီးတော့ ပြည်သူတို့အတွက် ကျန်းမာရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိတာကိုလည်း တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆော င်ရွက်ရာတွင် ရည်မှန်းချက်များ အနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဟု ချမှတ်

ထားပါသည်။ အဆိုပါရည်မှန်းချက် နှစ်ရပ် ပြည့်မီရရှိရေးအတွက် ပဏာမ ကျန်းမာရေး စောင့်ရှောက်မှုကို အခြေခံ၍ လူတိုင်းလက်လှမ်းမီ ရှိစေရန်နှင့် မြို့ပြနှင့် ကျေးလက်ဒေသများ စောင့်ရှောက်မှုသာမက မဖွံ့ဖြိုးသေးသော နယ်စပ်ဒေသများအားလုံးကို လွှမ်းခြုံသော ကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း လည်း ပြောကြားလိုပါတယ်။ အမျိုးသား ကျန်းမာရေးကဏ္ဍဟာဆိုရင် ကိုယ်စားလှယ်တော်ကြီး သိတဲ့အတိုင်း ကျွန်တော် တီဗွီမှာဆိုရင် လည်း ညတိုင်း လိုလိုပါပဲ ကျွန်တော့်ပညာပေးကဏ္ဍတွေပါပါတယ်။ထိုနည်းတူစွာပဲ ကျွန်တော်တို့ ရာသီအလိုက် ဖြစ်ပွားတတ်သော ကပ်ရောဂါတွေ ဒါတွေနဲ့ လည်း ပတ်သက်ဆက်နွယ်နေပြီး ကျွန်တော်တို့ အမြဲတမ်းလွှင့်နေတာ ဖြစ်ပါ တယ်။ ထို့နည်းတူစွာပဲ ရေဒီယို၊ နောက်ပြီးတော့ ကျန်းမာရေး မဂ္ဂဇင်းများမှာ အမြဲတမ်းပဲ ထည့်သွင်းပြီး တော့ ပြည်သူလူထုရဲ့ကျန်းမာရေး အသိစိတ်ဓာတ် နိုးကြားအောင် ဖော်ဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ချင်းပြည်နယ်၏ ပြည်သူလူထုအတွက် ကျန်း မာရေး စောင့်ရှောက်မှု အနေဖြင့် ခု တင်(၂၀၀)ဆံ့ဆေးရုံနှစ်ရုံ၊ ခု တင် (၁၀၀)ဆံ့ဆေးရုံနှစ်ရုံ၊ ခုတင်(၅၀)ဆံ့ဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ဆေးရုံလေးရုံ၊ တိုက်နယ်ဆေးရုံ (၁၅)ရုံ၊ ကျေးလက် ကျန်းမာရေးဌာန (၅၇)ခု ၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန (၉)ခု ၊ ကျောင်းကျန်းမာရေး အဖွဲ့နှစ်ဖွဲ့၊ တိုင်းရင်းဆေးကုဌာန (၈)ဌာနတို့ဖြင့် ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ဖော်ဆောင်လျက်ရှိတာကိုလည်း သိရှိစေလို ပါတယ်။ ထို့အပြင်သူနာပြုသင်တန်း ကျောင်း တစ်ကျောင်း ကိုလည်း ချင်းပြည်နယ်မှာ ဖွင့်ထား ပြီးတော့လိုအပ်တဲ့သူနာပြုဆရာမများ ကိုလည်း မွေးထုတ်ပေးလျက် ရှိကြောင်း ပြောကြား လိုပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းအတွက် လုပ်ငန်းစဉ်ကြီး(၅)ရပ်ချမှတ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက် အကူပြုကော်မတီကို ဖွဲ့စည်းပေးလျက် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းစဉ်ကြီး တစ်ရပ်ဖြစ်သည့် ကျေးလက်ဒေသ ကျန်းမာရေးဖွံ့ဖြိုးမှု ကိုလည်း စီမံချက်ချပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြော ကြားလိုပါသည်။ အမျိုးသား ကျန်းမာရေးကော်မတီသည် ကျန်း မာရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ပြဋ္ဌာန်းချက်များကို အခါအားလျော်စွာ ထုတ်ပြန်၍ချမှတ်ထားသော ရည်မှန်းချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆေးကုသရေးလုပ်ငန်းများ၊ ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ၊ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများအပြင် ကပ်ရောဂါဖြစ်ပွားမှု အချိန်အခါမှာဆိုရင် ထိန်းချုပ် နှိမ်နင်းရေးလုပ်ငန်းများကို အချိန်နှင့် တပြေးညီ လမ်းညွှန်

ဆောင်ရွက်မှုပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဥပမာဆိုရင် လွန်ခဲ့တဲ့နှစ်တွေက ဖြစ်ပွားခဲ့တဲ့ကြက်ငှက်တုပ်ကွေး၊ SURS အစရှိတဲ့ ရောဂါ၊ နောက် သဘာဝဘေးအန္တရာယ် ဖြစ်ပွားခဲ့တဲ့ ဆိုင်ကလုန်း Nagic ၊ ဆိုင်ကလုန်း GIRI မှာဆိုရင် ကျွန်တော်အလွန်ကို ခက်ခက်ခဲခဲ ပြည့်ပြည့်စုံစုံဖြစ်အောင်ကျွန်တော်တို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို ပေးဆောင်ထားတာ ကိုလည်း အများသိရှိပြီး ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ ဝန်ကြီးဌာနအနေ နဲ့ အမျိုးသား ကျန်းမာရေးကော်မတီရဲ့ လုပ်ငန်းလမ်းညွှန်မှုကို နာခံပြီးတော့ ကျွန်တော့်အနေနဲ့ ဆောင်ရွက်တာ ကိုလည်း ပြောလိုပါတယ်။ ဒါ့ကြောင့်မို့လို့ ကိုယ်စားလှယ်တော် ကြီးမှ ယခု မိမိ ရှင်းလင်း ဖြေကြားချက်များကို သိရှိ နားလည်နိုင်မည် ဖြစ်ပါသဖြင့် ကို ယ်စားလှယ်တော်ကြီးမှ တင်သွင်း သောအဆိုကို ဆက်လက် ဆောင်ရွက်စရာ လိုတော့မည် မဟုတ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ် ရဲ့အဆိုကို ပြည် ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးက ရှင်းလင်းတင်ပြပြီးတဲ့နောက်မှာ ဆက်လက်ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိတော့တဲ့ အဆိုအဖြစ် ဆောင်ရွက်ပေးဖို့ မေတ္တာရပ်ခံ ထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး မူလအဆိုရှင် ဦးစတီဗင်သာဘိတ်က မိမိရဲ့သဘောထားကို တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်။ ၁၁း၂၈။**

**ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ကျန်းမာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစတီဗင်သာဘိတ်ဖြစ်ပါတယ်။ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်လို့ ကျန်းမာရေး ဝန်ကြီးက ပြည့်ပြည့်စုံစုံ ရှင်းလင်းပြောကြား သွားတဲ့အတွက်လည်း အထူးပဲဝန်ကြီး အပေါ် ကျေးဇူးတင်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဟာ ချင်းပြည်နယ် ကိုယ်စားလှယ် ဖြစ်တဲ့ အတွက် ချင်းပြည်နယ်အကြောင်းကိုအဲနည်းအကျဉ်း ကျွန်တော်တင်ပြချင်ပါတယ်။ ချင်းပြည်နယ်ကို ကျန်းမာရေးစောင့်ရှောက်မှု အားနည်းတယ်ဆိုတဲ့ တစ်ခုမဟုတ်ဘဲနဲ့ တစ်တိုင်းပြည်လုံးရဲ့ အခြေအနေကို ခြုံငုံပြီးတော့ ကျွန်တော်တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော် ချင်းပြည်နယ်ကို

အခြေခံပြီးတော့ တင်ပြမယ်ဆိုရင် မြို့နယ်များ တွင်ခုနက ဝန်ကြီးအမိန့်ရှိ သွားတဲ့ အတိုင်း ခုတင်(၂၀၀)၊ ခု တင်(၁၀၀)၊ ခုတင် (၅၀)၊ ခုတင် (၂၅)စသည်ဖြင့် မြို့နယ်များတွင် ဖွင့်လှစ်ပေး ပါတယ်။ မြို့နယ်ခွဲကျေးရွာအချို့များတွင်လည်း တိုက်နယ်ဆေးရုံကအစ ကျေးလက် ကျန်းမာရေး ဌာနစသည်ဖြင့် ကျွန်တော်တို့ ကျေးရွာလူထုများ ကျန်းမာ ရေးစောင့်ရှောက်မှု ပေးနိုင်ရန်အတွက် အစိုးရက ဆောင်ရွက်ပြီး ဖွင့်လှစ်ပေးပါတယ်။ ကျေးရွာပြည်သူလူ ထုကလည်း အစိုးရအပေါ်မှာ ကျေးဇူးတင်ရှိကြပါတယ်။ ဝ မ်းပန်းတသာဖြစ်ကြပါတယ်။ ဒါပေမယ့် လည်း ကျွန်တော်တို့ သိရှိ တာကတော့ မြို့နဲ့ အလှမ်းဝေးကွာနေ တဲ့ နယ်စပ်ခေါင်းပါးတဲ့ နေရာ ကျေးရွာများရှိနေတဲ့ ပြည်သူလူထုသည် ကျွန်တော်တို့ အစပိုင်းတုန်းက ကျန်းမာရေးစောင့်ရှောက်မှု အဆင်ပြေတယ် လို့ တွက်ချက် တဲ့နေရာကနေ ကျွန်တော်တို့ပြန်လည်ပြီးတော့ စိတ်မချမ်းမသာ ဖြစ်ကြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြို့နယ်ဆေးရုံများ မှာလည်း ဆရာဝန်ပြည့်စုံမှုက မရှိ သလောက်ဖြစ် နေပါတယ်။ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဆေးခန်းမှာလည်း တာဝန်ချထားတဲ့ဆရာဝန်၊ ကျန်းမာရေးဝန်ထမ်းများ မရောက်ရှိခြင်းကတစ်မျိုး၊ ရောက်ပြီးတော့ အချိန်ကြာမြင့်စွာ မနေနိုင် တာကတစ်မျိုး၊ ကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုဟာ ဘယ်သူ့ကို အားကိုးရမှန်းမသိတဲ့ အဆင့်အထိ ဖြစ်လာတတ်ပါတယ်။ ကျေးရွာများရဲ့ လူဦးရေကို ကျွန်တော်က အကြမ်းအားဖြင့် သုံးသပ်မယ်ဆိုရင် ချင်းပြည်နယ်မှာ (၆၀) ကနေ (၇၀)ရာနှုန်းဟာ ကျေးရွာဒေသမှာရှိတဲ့သူ တွေ ဖြစ်ကြပါတယ်။ ၎င်းကျေးရွာလူထုအနေနဲ့ အစိုးရက ဖွင့်လှစ်ပေးတဲ့ ဆေးခန်း၊ တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနကိုပဲ အဓိကအားကိုးရမှာ ဖြစ်ပေမယ့် လည်း ခုနက ကျွန်တော် တင်ပြသလို သက်ဆိုင်ရာဌာနအနေနဲ့ သက်ဆိုင်ရာဝန်ထမ်းများ အခက်အခဲအမျိုးမျိုးကြောင့် သက်ဆိုင်ရာကျေးရွာများသို့ ကျ န်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကို မလုပ်နိုင်ပဲ ဖြစ်နေတဲ့ အခြေအနေကို ချင်းပြည်နယ်အပြင် ကျန်တဲ့ပြည်နယ်/တိုင်း ခေါင်းပါးတဲ့နေရာ၊ နယ်စပ်ဖြစ်နေတဲ့ ကျေးရွာဒေသများတွင် ရှိနေကြတာကို ကျွန်တော်တို့ ကြားသိရပါတယ်။ ဝန်ထမ်းပိုင်း အနေနဲ့ သူ့တို့ကျေးရွာကို မရောက်ရှိနိုင်တာကို သူတို့အပေါ်မှာ အပြစ်မတင်နိုင်ပါဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ ချင်းပြည်နယ် ကျေးရွာဒေသကိုသွားရောက်မယ့် လမ်းကြောင်းဟာ အင်မတန် ကြမ်းတမ်းပါတယ်။ အင်မတန်ခက်ခဲ ခဲ့ပါတယ်။ နေရေးထိုင်ရေးကအစ အဆင်မပြေဘူးဆိုတာ ကျွန်တော်တို့က သဘောပေါက်ပါတယ်။ ဒါပေမယ့် လည်း ကျန်းမာရေးဝန် ထမ်း မရှိတဲ့အတွက် တစ်ဖက်က ကျန်းမာရေးစောင့်ရှောက်ဖို့လိုအပ်နေတဲ့ ပြည်သူ တွေဟာ ခက်ခဲမှု များစွာနဲ့

ကြုံတွေ့နေရပါတယ်။ ဧင်းကျေးရွာပြည်သူလူထု မြို့ပေါ်လာရောက်ပြီးတော့ ကုသခံယူမယ် ဆိုတော့လည်း လမ်းကတစ်မျိုး၊ ခက်ခဲမှုကမျိုးစုံ၊ ဆေးရုံတင်ပြန်တော့လည်း ဆေးရုံမှာ ကုန်ကျစရိတ်က တစ်ဖက်ကများတယ်၊ တ စ်ဖက်မှာ အပြင်ဆေးခန်းမှာ ကုဖို့ဖြစ်ပြန်တော့ လည်း ဆေးခန်းကလည်း ကုန်ကျစရိတ် များတဲ့အတွက် ကျေးရွာလူထု ၊ဝင်ငွေနည်းသော ပြည်သူလူထု၊ မြို့ပေါ်မှာရှိတဲ့ အလုပ်သမားဝန်ထမ်းများအနေနဲ့ ကျန်းမာရေးစောင့်ရှောက်မှုက အင်မတန် လိုအပ်နေပါတယ်လို့ ကျွန်တော်သုံးသပ်ရပါတယ်။ ကုန်ကျစရိတ်ခံနိုင်သော ပုဂ္ဂိုလ် များ အတွက်တော့ ကျွန်တော်တို့ မြို့မကဘူး ၊ အောက်ပိုင်းမြို့ကြီး၊ ပြကြီး မန္တလေး၊ ရန်ကုန် အဆင့်အထိ ကုသပြီး သူတို့ကျန်းမာရေးကို စောင့်ရှောက်ဖို့ အင်မတန်လွယ်ကူပါတယ်။ စောင့်ရှောက်ဖို့လည်း အင်မတန်ကောင်းမွန်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ပြင်ပ ဆေးခန်းဟာ အဆင့်အများကြီး မြ င့်မားပြီးတော့ ကိရိယာပစ္စည်းစုံ နဲ့ ဆေးကုသတဲ့အတွက်၊ တတ်နိုင်သော ၊ ငွေကြေးမခက်ခဲသော ပုဂ္ဂိုလ်များအတွက်တော့ ကျန်းမာရေးစောင့်ရှောက် မှုက အင်မတန်လွယ်ကူပါတယ်လို့ပဲ ကျွန်တော်သုံးသပ်ရပါတယ်။ ကျွန်တော်တို့ ဆေးရုံတိုင်းမှာ စေတနာရှိတဲ့ ပုဂ္ဂို လ်များရဲ့ လှူဒါန်းချက်အရ မရှိဆင်းရဲ ဆေးရုံတက်တဲ့ ပု ဂ္ဂိုလ်များကို အခမဲ့ကုသပေးတာကိုလည်း ကျွန်တော်ကြားပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ တွက်ကြည့် တာက ရာခိုင်နှုန်းအားဖြင့် နည်းနည်းလေးပဲရှိမယ်လို့ ကျွန်တော်က ခံယူပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီကျန်းမာရေးစောင့်ရှောက်မှုကို အားနည်းပါတယ်။ အတွေ့အကြုံရှိတဲ့ ဘုတ်အဖွဲ့အနေနဲ့ ပြန်လည်သုံးသပ်ပေးပါလို့ အခုဝန်ကြီးရှင်းပြသွားတဲ့အနေအတိုင်းပဲ ရှိပြီးသား ဘုတ်အဖွဲ့ရှိရင်လည်းရှိပြီးသား ဘုတ်အဖွဲ့အနေနဲ့ ပြန်လည်ပြီးတော့ သုံးသပ်ပြီး အကောင်း ဆုံး နည်းလမ်းကို ပြန်လည်ပြီးတော့ ရှာဖွေပေးဖို့ ကျွန်တော့်အနေနဲ့ အနူး အညွတ် တောင်းပန်ပါ တယ်။ အခု ကျွန်တော့်အဆိုအပေါ်မှာ ကျန်းမာရေးဝန်ကြီးအနေနဲ့ ဆက်လက် ပြီးတော့ ဆွေးနွေးဖို့မလိုအပ်ဘူးလို့ပဲ ကျွန်တော့်ကို သုံးသပ်ဖို့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီအမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေနဲ့ ပတ်သက်တဲ့ အချက်ကို ကျွန်တော် တင်ပြရမယ်ဆိုရင် အပိုဒ်(၁၄၀)၊ အပိုဒ်င ယ်(က)မှာ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် မိမိတင်သွင်းပြီးသော အဆိုတစ်ရပ်ကို လွှတ်တော်၏ ခွင့်ပြုချက် မရရှိဘဲ ပြန်လည်ရုပ်သိမ်းခြင်း မပြုရဟု ဖော်ပြထား ပါတယ်။ အဲဒါကြောင့် ကျွန်တော့် အနေနဲ့ ဒီ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းမှုကို လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး နဲ့တကွ

လွှတ်တော်ရဲ့ ရှေ့မှောက်မှာ ကျွန်တော်အဆိုတင်သွင်းပြီးတော့ ဆွေး နွေးပြီးသားဖြစ်တဲ့အတွက် တစ်ဦးတည်း တစ်ယောက်တည်းအနေနဲ့ ဆုံးဖြတ် လို့ မရပါဘူးလို့ ကျွန်တော်ယူဆပါ တယ်။ ဒါ ကျွန်တော်တို့ ဒီမိုကရေစီ အနေနဲ့လည်း ကျင့်စဉ်အနေနဲ့လည်း ကိုက်ညီမ ယ်လို့ ကျွန်တော် ယူဆပါတယ်။ အဲဒါကြောင့် တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ဆန္ဒကို ကျွန်တော်နာခံဖို့ အသင့်ရှိပါကြောင်းကို ဥက္ကဋ္ဌကြီးကိုတင်ပြခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဦးစတီဗင်သာဘိတ်က မိမိရဲ့အဆိုကို ရုပ်သိမ်းလို ခြင်း မရှိကြောင်း တင်ပြတဲ့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ဥက္ကဋ္ဌအနေနဲ့ သတိပေးညွှန်ကြား လိုတာရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံး မိမိတို့ တင်ပြတဲ့ အဆိုရဲ့ ခေါင်းစဉ်ကို စွဲစွဲမြဲမြဲဆွေးနွေး ဖို့လိုပါတယ်။ ဒီခေါင်းစဉ်မှာဆိုရင် ကျန်းမာရေးကဏ္ဍတွင် ကျ န်းမာရေး စောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်းချမှတ် ဆောင်ရွက်ပေးရန်ဆိုတဲ့ ခေါင်းစဉ် ၊ ဒီခေါင်းစဉ်က နိုင်ငံတကာနဲ့ ချိန်ထိုးပြီးတော့ ဆွေးနွေးရမယ့် ခေါင်းစဉ်မျိုးဖြစ်ပါတယ်။ စနစ်ကို ဆွေး နွေးရမယ့် ခေါင်းစဉ် မျိုးဖြစ်ပါတယ်။ လက်တွေ့အောက်ခြေမှာ ဖြစ်ပေါ်နေတဲ့ အားနည်းချက်ကို ဖြည့်ဆည်း ဖို့ဆိုရင်တော့ ဒါသည် မေးခွန်းပုံစံနဲ့ သွားရမှာ ဖြစ်ပါတယ်။ အဲဒီတော့ တူသလိုလိုနဲ့ မတူကွဲပြား မှုလေးတွေ ဒါသိမ်သိမ်မွေ့မွေ့ရှိနေတဲ့ အချက်ရှိပါတယ်။ ဘာပဲဖြစ်ဖြစ် ဒီအတွေ့ အကြုံမရှိကြ သေးတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အခုဒီကိစ္စနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဆက်လက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစတီဗင်သာဘိတ် တင်သွင်းတဲ့ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းနေသဖြင့် အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက် ပေးနိုင်ရန် အဆိုကို အတည်ပြုရန် သဘောတူ /မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူပါမယ်။ ဒီလိုဆောင်ရွက်ရာမှာ ဆန္ဒမဲပေးခြင်းကို စက်ခလုတ်အသုံး ပြုပြီး ဆန္ဒမဲပေးတဲ့နည်းလမ်းနဲ့အညီ ဆောင်ရွက် မှာ ဖြစ်ပါတယ်။ စက်ခလုတ်အသုံးပြုပြီး ဆန္ဒမဲ ပေးနိုင်ဖို့အတွက် ဆန္ဒမဲပေးကတ်ကို မိမိရှေ့ရှိ စက်ခလုတ်ရဲ့ လက်ယာဘက်မှာရှိတဲ့ ကတ်ထည့် ပေါက်အတွင်းသို့ စနစ်တကျ ထည့်သွင်းကြဖို့ ဖြစ်ပါတယ်။ ဦးစတီဗင်သာဘိတ် တင်သွင်းတဲ့ ကျန်းမာရေးကဏ္ဍတွင် ကျန်းမာရေး စောင့်ရှောက်မှု အားန ည်းနေသဖြင့် အတွေ့အကြုံရှိသော

ပညာရှင်များဖြင့် ဘုတ်အဖွဲ့တစ်ခု ဖွဲ့စည်းပြီး အကောင်းဆုံးနည်းလမ်း ချမှတ်ဆောင်ရွက်ပေးနိုင်ရန် အဆိုကို အတည်ပြုဖို့ သဘောတူတယ်ဆိုရင် အစိမ်းရောင်ခလုတ်၊ အဆိုကို အတည်ပြုရန် သဘောမတူလျှင် အနီရောင် ခလုတ်နဲ့ ကြားနေရင် အဝါရောင်ခလုတ်ကို နှိပ်ဖို့ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု လွှတ်တော်ရဲ့ ဆန္ဒကိုရယူပါ့မယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

စက်ခလုတ် အသုံးပြုပြီး မဲခွဲတဲ့အခါမှာ ထောက်ခံဆန္ဒမဲ (၂၀)၊ ကြားနေဆန္ဒမဲ(၁၉)၊ ကန့်ကွက် ဆန္ဒမဲ(၁၇၂)ဖြစ်ပါတယ်။ ဒါ့ကြောင့် အဆိုကို လွှတ်တော်က အတည်ပြုရန် သဘောမတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)၏ ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသားဆရာသန်များအား ဆမ အမြန်ချပေးပါရန်နှင့်ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန်အဆိုကိုသက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ကပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်။၁၁း၄၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ကျောင်းဆင်း ပြီးဖြစ်သော ချင်းဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန် တင်သွင်းထားသည့် အဆိုကို ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ပြန်လည် ဖြေရှင်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၄၁။**

**ဒေါက်တာကျော်မြင့် (ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်အနေနဲ့ကတော့ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦး ပေါ်လျှံလွင်၏ ကျောင်းဆင်းပြီးဖြစ်သော ချင်းအမျိုးသား ဆရာဝန်များအား ဆမ အမြန်ချပေးပါရန်နှင့် ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ စေလွှတ်ပေးပါရန် အဆိုကို ကျွန်တော့်အနေနဲ့ ဖြေကြားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ယခင်က ဆေးတက္ကသိုလ်တွေမှာ သတ်မှတ်အရည်အချင်းပြည့်စုံပြီး ဆရာဝန်ဘွဲ့ အပ်နှင်းခြင်း ခံရသော ပုဂ္ဂိုလ်များအား နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် တာဝန်ထမ်းဆောင်ပြီးမှသာ ဆရာဝန် မှတ်ပုံတင်(ဆမ)ထုတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ၂၀၀၉ ခုနှစ်တွင် ဆရာဝန်ဘွဲ့ရရှိပြီး ဆရာဝန်ဘွဲ့မရရှိသေးသော ဆရာဝန်များအားလုံးကို မွမ်းမံသင်တန်း တက်ရောက်စေပြီးတော့ ဆရာဝန်မှတ်ပုံတင်(ဆမ) ထုတ်ပေးနိုင်ရန်အတွက် မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ခဲ့ရာ ၂၀၁၀ ခုနှစ်အထိ သင်တန်း (၃)ကြိမ် ပေးပြီးဖြစ်ပါတယ်။ ထိုကဲ့သို့ သင်တန်းပေးပြီးတဲ့အချိန် ဆမ ထုတ်ပေးခဲ့သည့် ဆရာ ဝန်ပေါင်း (၅၄၉၈)ဦးနဲ့ သွားဘက်ဆိုင်ရာ ဆရာဝန် သ /ခ (၈၉၈)ဦး ဖြစ်ပါတယ်။ ၂၀၁၀ခုနှစ် နောက်ပိုင်းဘွဲ့ရပြီး သည့်ဆရာဝန်များ ကိုလည်း များမကြာမီကာလ အတွင်း အဆိုပါသင်တန်းများပေးပြီးတော့ ဆရာဝန် မှတ်ပုံတင် များ(ဆမ)များ ထုတ်ပေးသွားရန် ဆောင်ရွက်လျှက်ရှိပါတယ်လို့ ပြောကြားလိုပါတယ်။

ထို့ကြောင့် ဆရာဝန် (ဆမ)များ ထုတ်ပေးခြင်းကို ဆေးတက္ကသိုလ်များမှ သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံ၍ ဆရာဝန်ဘွဲ့ အပ်နှင်းခြင်းခံရသော ပုဂ္ဂိုလ်များအားလုံးနဲ့ ချင်းဆရာဝန်များ အပါအဝင် တစ်ပြေး ညီဆောင်ရွက်ပြီးကြောင်းနဲ့ ပြောကြားလို ပါတယ်။ ဒုတိယပိုင်းအနေနဲ့ ချင်းပြည်နယ်ရှိ ဖွင့်လှစ်ထားသော ဆေးရုံအသီးသီးတွင် လိုအပ်သော အထူးကုဆရာဝန်များနှင့် လက်ထောက်ဆရာဝန်များကို ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ဆရာဝန်၊ ဝန်ထမ်း အင်အားအပေါ် မူတည်၍ ခန့်ထားပေးလျက်ရှိပါတယ်။ အခြားတိုင်းဒေသကြီး ပြည်နယ်နည်းတူ ချင်းပြည်နယ် ကိုလည်း ကျွန်တော် အခါအားလျော်စွာ ပို့ဖို့ လည်းရှိပါတယ်။ ဖွင့်လှစ်ထားသောအတင်(၂၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး(၂)ရုံ၊ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ(၂)ရုံတွင် အထူးကု ဘာသာရပ်များ ပြည့်စုံအောင် ဆရာဝန်များအား ခန့်အပ်တာဝန်ပေးလျက်ရှိပြီး ကျန်သော အခြားဆေးရုံများ၌လည်း ဆရာဝန်များ ခန့်ထားပေးနိုင်ရန် ဝန်ကြီးဌာနအနေနဲ့ ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း ပြောကြားလိုပါတယ်။ ချင်းပြည်နယ်သို့ တာဝန်ဖြင့် သွားရောက်အမှုထမ်းမည့် ဆရာဝန်များကို မိမိဝန်ကြီးဌာနအနေနဲ့ ချ င်းပြည်နယ်တွင် ကာလအပိုင်းအခြားဖြင့်သာ တာဝန်ထမ်းဆောင်စေပြီး ၎င်း တို့တာဝန်ထမ်းဆောင်မှု ကာလ ပြီးဆုံးပါက ၎င်းတို့ နှစ်သက်ရာဒေသသို့ တာဝန်ချပေးပါသည်။ ၎င်းအပြင် ရာထူးများ တိုးပေးရာ၌လည်း ချင်းပြည်နယ်သို့ တာဝန်ထမ်းဆောင် သော ဆရာဝန်များကို အထူးကိစ္စ

တစ်ရပ်အနေဖြင့် လုပ်သက်လျှော့ပေါ့ပြီးတော့ ရာထူးများကို လည်း တိုးပေးလျက်ရှိကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံခြားသို့ လေ့လာရေးခရီးများ သွားတဲ့ အခါလည်းကောင်း နိုင်ငံခြားတွင် Government to Government အစီအစဉ်ဖြင့် သွားရောက် တာဝန် အမှုထမ်းဆောင် မည်ဆိုပါကလည်း ချင်းပြည်နယ်တွင် အမှုထမ်းဆောင်ခဲ့ဘူးသော ဆရာဝန် များကို ဦးစားပေးပြီး အခွင့်အရေးတစ်ရပ်အနေနဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးထားကြောင်း ပြောကြားလိုပါတယ်။ ၎င်းအပြင် ဘွဲ့လွန်သင်တန်းများ တက်ရောက်ရန် စာမေးပွဲများ ဖြေဆိုပါကလည်း အထူးကိစ္စ တစ်ရပ်အနေနဲ့ ချင်းပြည်နယ်မှာ တာဝန် ထမ်းဆောင်နေတဲ့ ဆရာဝန်တွေကို ကူညီဆောင်ရွက်ပေး လျက်ရှိပြီးတော့ နှု တ်ဖြေစာမေးပွဲတွင် အ မှတ်အပြည့်ပေးထားတာကိုလည်း သိစေလိုပါတယ်။ ဒီအစီအစဉ်များသည် ချင်းပြည်နယ်သို့ တာဝန်ကျသော ဆရာဝန်များ ချင်းပြည်နယ်သို့ လိုလို ချင်ချင်သွားစေရန် ဝန်ကြီးဌာနအနေနှင့် အထူးကိစ္စ တစ်ရပ်အနေနဲ့ ဆောင်ရွက်ပေးထားတာကို သိရှိစေလိုပါတယ်။ ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်သော ဒေသအာဏာပိုင် အဖွဲ့အစည်း မှလည်း လိုအပ်သော ကျွန်တော်တို့ ပို့လိုက်တဲ့ ဆရာဝန်တွေကို စားဝတ်နေရေး အစရှိတဲ့ မိမိတို့ဒေသသို့ ကျတဲ့နေရာတွေကိုလည်း သွား လာရေးအတွက်လည်း ကူညီပံ့ပိုးဖို့ လည်း ကျွန်တော့်အနေနဲ့ ဝန် ကြီးဌာနအနေနဲ့ မေတ္တာရပ်ခံလိုပါ တယ်။ ချင်းပြည်နယ်ရောက်တဲ့အခါမှာ မိမိတာဝန်ကျရာနေရာဒေသသို့ လိုက်လံပို့ပေးခြင်းစားဝတ်နေရေး ဖူလုံအောင် စီစဉ်ပေးခြင်းဖြင့် ဒေသဆိုင်ရာအာဏာပိုင်က ကူညီမည်ဆိုပါက မိမိတို့ ဝန်ကြီးဌာနမှ ပို့သောဆရာဝန် များအနေနဲ့ လည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ချင်းပြည်နယ်မှာ တာဝန်ထမ်းဆောင်တာကို တွေ့ရှိရမှာ ဖြစ်ပါတယ် ။ မြန်မာ တစ်ပြည်လုံးတွင် လက်ထောက်ဆရာဝန် (၂၀၁၄)ဦးနဲ့ သွားဘက်ဆိုင်ရာ ဆရာဝန် (၁၈၅)ဦးအား များမကြာမီ ခန့်ထားရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဆရာဝန်များ ခန့်ထားသည့်အခါ ချင်းပြည်နယ်အတွက်လည်း လိုအပ်သော ဆရာဝန်များ ကိုလည်း ထပ်မံဖြည့်စွက်ခန့်ထားပေးမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြရင်းနဲ့ ကျွန်တော် ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အချက်အလက်များအားလုံး သိမယ်လို့ ထင်ပါ ကြောင်း ပြောကြားရင်းနဲ့ နိဂုံးချုပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၄၆။**

**ဥက္ကဋ္ဌ။** ။ အဆိုရှင် ဦးပေါ်လျှံလွင်ရဲ့ အဆိုကို ပြည်ထောင်စုအဆင့် ကျန်းမာရေး ဝန်ကြီးက ဖြေရှင်းပြီး ဖြစ်ပါတယ်။ ဦးပေါ်လျှံလွင်က မိမိရဲ့သဘောထားကို ပြန်လည်တင်ပြဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၄၇။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ကျွန်တော့်ရဲ့ အဆိုကို ဝန်ကြီးရဲ့ ဖြေကြားချက်အပေါ် မှာ ကျေးဇူးတင်စွာဖြင့် ကျွန်တော် ပြန်လည်ဖြေရှင်းပေးပါမယ်။ ကျွန်တော် တင်ပြတဲ့အထဲမှာ ကျွန်တော်တို့ ချင်းပြည်နယ်မှာ ဆရာဝန်များ လွှတ်ဖို့အတွက် ချင်းအမျိုးသားများ လွှတ်ပေးဖို့ဆို တဲ့ ပြောတဲ့အခါမှာ ကျွန်တော်က ချင်းလူမျိုးတွေကို သက်သက်ခေါ်သလို ဖြစ်နေပါတယ်။ အမှန် တော့ ကျွန်တော်တို့က ဆရာဝန်အားလုံးကိုသာ ဆိုလိုခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ သွားတဲ့အခါမှာ မေးတဲ့အခါမှာ ဆရာ ဝန်ဘာဖြစ်လို့ မရှိလဲဆိုတော့ မနေနိုင်လို့ ဆိုတဲ့ အ ဖြေတွေ၊ ဗမာတွေဟာ ဒီပြည်မထဲက ဖြစ်လို့ မ နေနိုင်လို့ ဒေသအအေးဒဏ်ကို မခံနိုင်လို့ စသည့်အခက် အခဲကို ပြောတဲ့အခါမှာ ဒီအတွက် ကျွန်တော့်အနေနဲ့ ချင်းအမျိုးသားထဲကများ ဖြစ်ရင်တော့ အထိုက်အလျောက် ခံနိုင်ရည်ရှိမယ်ဆိုတဲ့ အထင်နဲ့ ပြောကြားခြင်းဖြစ် ပါတယ်။ ကျွန်တော် တို့ မြို့နယ်အသီးသီးမှာ ဝန်ကြီး တင်ပြသလို ဆရာဝန်များ အထိုက်အလျောက်ရှိပါသည်။ သို့သော် လည်းပဲ ကျွန်တော်တို့ကျေးရွာမှာ ဝမ်းဆွဲဆရာမနေရာ ၊ ကျေးလက်ကျန်းမာရေးမှူးနေရာနဲ့ တိုက်နယ်ဆေးရုံများရှိပါတယ်။ အဲဒီတိုက်နယ်ဆေးရုံကို ချင်းပြည်နယ်တစ်ပြည်လုံးမှာအနည်းဆုံး (၁၅)နေရာရှိပါတယ်။ အဲဒီနေရာမှာ ဆ ရာဝန်မရှိသလောက်ဖြစ်ပါတယ်။ နောက် ကျေးလက် ကျန်းမာရေးမှူးနေရာမှာလည်းပဲ ကျေး လက်ကျန်းမာရေးမှူးတွေ မရှိတဲ့ နေရာများပါတယ်။ တစ်ယောက်တစ်လေပဲ ရှိပါတယ်။ အဆောက်အအုံသာရှိပါတယ်။ ကျွန်တော်တို့ စည်းရုံးရေးနဲ့မြို ဆင်းတုန်းက ကျန်းမာရေးမှူးများမရှိတဲ့ ဆေးပေးခန်းများကို ကျွန်တော်သွားတယ်။ ဆရာမလည်း မရှိဘူး။ ဆေးလည်း မရှိတဲ့အတွက် ကျွန်တော် မြင်းနှစ်ကောင်ပဲ တွေ့ပါတယ်။ အဲဒီရွာနှစ်ရွာကို ကျွန်တော်တွေ့ဘူးပါတယ်။ ကျွန်တော် တင်ပြချင်တာ ကလည်း ကျန်းမာရေးဌာနအနေဖြင့် ဝန်ထမ်းမပေးတာက တ စ်ကြောင်း၊ ဆေးမရှိတာကတစ်ကြောင်း တွေ့ရှိ ရတဲ့အတွက် ဒေသမှာ

ဆရာဝန်များရှိခဲ့လို့ရှိရင် ဒီလိုအခြေအနေမျိုး တွေကိုတော့ ဒီဆရာဝန်တွေက ဖန်တီးနိုင်မယ် ။ ဆရာဝန်ရှိတဲ့အတွက် ဆရာမရှိတဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနက ဆေးများပေးပါမယ်ဆိုတဲ့ အတွက် ယုံကြည်တဲ့အတွက် တင်ပြခြင်း ဖြစ်ပ ါတယ်။ မြို့ပေါ် ထက် ကျေးလက်ဒေသရဲ့ လူနေမှု အဆင့်အတန်းများစွာ ဒုက္ခရောက် နေကြပါတယ်။ မသေသင့်ဘဲနဲ့ သေတဲ့လူနာတွေ အများကြီး ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီမှာ ဆရာဝန်မရှိတာ၊ ဆရာမ မရှိတာ အများကြီးတွေ့ကြုံ ခဲ့ရပါတယ်။ ဒါကြော င့်မို့လို့ ကျေးလက်ဒေသမှာ ဆရာဝန်များကို စေလွှတ်ပေးပါရန်အတွက် ချင်းလူမျိုးများလို့သီးခြား ဖော်ပြခြင်းဟာ ချင်းလူမျိုးများကို အထိုက်အလျောက် နေနိုင်မယ်လို့ ယုံကြည်လို့တင်ပြခြင်း ဖြစ်ပါတယ်။ နောက်ဆက်လက်ပြီး အနည်းငယ်တင်ပြလိုတာက ဝန်ကြီး တင်ပြထားတဲ့အတိုင်းပဲ အကန့် အသတ်နဲ့ သတ် မှတ်ပေး ရာထူးခန့်ထားြ ခင်း အခွင့် အရေး များကိုပေးခြင်းများတွေ့ရှိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ အခုလိုပဲ ဆက်လက်ပြီး ဝန်ကြီး တင်ပြသလို ဆောင်ရွက်ပေးနိုင်ရန်အတွက် သဘောတူပါတယ်။ ကျွန်တော့အဆိုကို ဥက္ကဋ္ဌက သဘောရှိတဲ့ အတိုင်း ဆုံးဖြတ်ပေးပါရန်လည်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၄၉။**

**ဥက္ကဋ္ဌ။** ။ ပြည်ထောင်စုအဆင့်ဝန်ကြီးက ထပ်မံ ဆွေးနွေးဖို့ ရှိပါသလား။ ဒီအဆိုနဲ့ ပတ်သက်လို့ အတည်ဖြစ်ဖို့ သို့မဟုတ် ရုပ်သိမ်းဖို့ မည်သည့် နည်းလမ်းကို ဆောင်ရွက် ပေးရန် ဖြစ်ပါတယ်။

**အချိန်။ ၁၁း၅၀။**

**ဒေါက်တာကျော်မြင့် (ဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)** ။ ။ တာဝန်ကျတဲ့ ဒီသားဖွား ဆရာမတွေဟာ ချင်းပြည်နယ်ကပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့က တာဝန်ချတဲ့အခါမှာ အသုတ်လိုက် ချပါတယ်။ ယခုများ မကြာမီ မှာဆိုရင် (၅၅၀)တစ်ပြည်လုံးထပ်မံ ချထားပါတယ်။ ချင်းပြည်နယ်အတွက် (၄၉)ယောက်ပါပါတယ်။ သားဖွားဆရာမတွေဟာ အလွန်အရေးကြီးတဲ့ ကဏ္ဍဖြစ်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပဲ ကျေးလက်ဒေသတွေမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒါဟာလဲ တာဝန်ကြီးဖြစ်ပါတယ်။လွှတ်တော် ကိုယ်စားလှယ်တော်ကြီး တင်ပြတဲ့အတိုင်းပဲ ချင်းလူမျိုးထဲက ဆရာဝန်ဆိုရင် ကျွန်တော်တို့ ယခု လက်ရှိ ကျန်းမာရေး ဝန်ကြီးဌာနမှာ ချ င်းလူမျိုး ဆရာဝန် (၂၉)ယောက်ရှိပါတယ်။ ချင်းပြည်နယ်မှာ (၇)ယောက်ပဲ ရှိပါတယ်။ ကျန်တဲ့ချင်းဆရာဝန်တွေဟာ အခြားတိုင်းနှင့်ပြည်နယ်မှာ သွားပြီးတော့ ၊ မိမိဌာန၊

ပြည်နယ် ကို သွားရောက် လိုခြင်း မရှိပါဘူး။ ဒါဟာ ကျွန်တော်ခေါ်မေးတာ ဖြစ်ပါတယ်။ ကျွန်တော်ယခု မကွေးကအောင်တဲ့ ချ င်းပြည်နယ် ဆရာဝန်လေးတွေ ဒီတစ်ခါ တစ်သုတ်မှာ ပါတယ်ခင်ဗျား။ (၁၀)ယောက်(၁၂)ယောက်ပါပါတယ်။ အဲဒီသူတွေလည်း ချင်းပြည်နယ်ကို ပို့ပေးမှာ ဖြစ်ပါတယ်။ မိမိရဲ့ ပြည်နယ်ကနေပို့တဲ့ ဆရာဝန်တွေကို ကျွန်တော်တို့ မိမိပြည်နယ်မှာ ပြန်ထမ်း ဆောင်ဖို့ ကျွန်တော်တို့ တာ ဝန်ယူစီစဉ်ပြီးဆောင်ရွက်လျက်ရှိပါတယ်။ ဒီကြား ကာလမှာတော့ ပြည်မကဆရာဝန် တွေနဲ့ ချင်းပြည်နယ်မှာသွားရောက် အမှုထမ်းနိုင်အောင် ဝန်ကြီးဌာနအနေနဲ့ လိုအပ်တဲ့ Incentive ခေါ်တာပေါ့လေ။ အချိန်မတင်မှာ Promotion ပေးတာတွေ၊ နိုင်ငံခြား ပညာသင်လွှတ်တာတွေလုပ်ပြီးတော့ ချင်းပြည် နယ် တာဝန်ထမ်း ဆောင် အောင်ဆိုပြီးတော့ အခြားတိုင်း နှင့်ပြည်နယ်နည်း တူပို့ခြင်းဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒေသအာဏာပိုင် အဖွဲ့အစည်း ချင်းလူမျိုးတွေအနေနဲ့လည်း ကျွန်တော်တို့ ပို့လိုက်တဲ့ဆရာဝန်တွေကို နွေးထွေးစွာ ကြိုဆိုပြီး တော့ လူမှုရေးအခက်အခဲများ ဖြေရှင်းပေးပါ။ သူတို့သွားရမယ့် လာရမယ့် နေရာမျိုး ကိုလည်း တာ ဝန်ချထားပေးပါ။ ခုနက ကိုယ်စားလှယ်တော်ကြီးပြောတဲ့ တိုက်နယ်ဆရာ ဝန် တွေရှိပါတယ်။ ကျွန်တော်အလှည့်ကျ (၃)လခန့်တာဝန်ချထားပြီး ဖြစ်ပါတယ်။ ဒီတာဝန်ချထား တဲ့သွားရတဲ့နေရာမှာလမ်းပန်းဆက်သွယ်တဲ့အခါမှာလည်း ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဝိုင်းဝန်း ကူညီပြီး ဆောင်ရွက် ပေးပါလို့ ကျွန်တော့်အနေနဲ့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော် ဥပမာအနေနဲ့ ပြောမယ်ဆိုရင် အခြားပြည်နယ် တစ်ခုမှာ ဆရာဝန်တွေသွားရ မယ်ဆိုရင် အဲဒီလို တစ်နေရာ (၃)လကာလသွားမယ်ဆိုရင် ကားနဲ့လိုက် ပို့တယ်။ Dry ration တွေထည့်ပေးတယ်။ ငွေ(၁)သိန်း ပေးတယ်။ ပြန်လာလို့ရှိရင် နောက်(၃)လလဲပေးတာ တွေရှိပါတယ်။ ချင်းပြည်နယ် အနေနဲ့ ဒီလို စနစ်ကလေး သုံးမယ်ဆိုရင် ပိုပြီး တော့ အဆင်ပြေမယ်လို့ ထင်တယ်။ ကျွန်တော်အနေနဲ့ ပြောကြားလိုပါတယ်။ ကိုယ်စားလှယ် တော်ကြီးတင်သွင်းတဲ့ အဆိုနဲ့ ကျွန်တော် ရှင်းပြတာ တော်တော်လေး ပြည့်ပြည့်စုံစုံ ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီးအနေနဲ့ ဒီ အဆိုကို ရုပ်သိမ်းခွင့်ပြုပါရန်မေတ္တာရပ်ခံ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်။ ၁၁း၅၃။**

**ဥက္ကဋ္ဌ။** ။ ယခု တင်ပြတဲ့ အဆိုမှာ အပိုင်း (၂)ပိုင်း ပါဝင်ပါတယ်။ အပိုင်း တစ်ပိုင်းကတော့ ကျောင်းဆင်းပြီး ဖြစ်သော ချ င်းအမျိုးသားဆရာဝန်များအား ဆမ အမြန်ချ ပေးပါရန် ဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်လို့ ရှ င်းလင်းပြီးဖြစ်ပါတယ်။ အပိုင်း (၂)ဖြစ်တဲ့

ချင်းပြည်နယ်တွင် ဆရာဝန်များလိုသောဒေသများသို့ စေလွှတ်ပေးပါရန်အဆို၊ ဒီအဆိုနဲ့ ပတ်သက်လို့ ဆောင်ရွက်ဆဲလည်း ဖြစ်ပါတယ်။ နောင်လည်းဆက်လက် ဆောင်ရွက်မယ့် အနေအထားလည်းရှိပါတယ်။ ဆရာ ဝန်ဆိုတာထက် ကျန်းမာရေး ဝန်ထမ်း၊ ကျန်းမာရေး ပညာရှင်လို့ဆိုရင် ပို၍ ပြည့်စုံမယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ ချင်းပြည်နယ်တွင် ဆရာဝန်များလိုသော ဒေသများသို့ ချင်းအမျိုးသားဆရာဝန်များ ဆမ အမြန်ချပေးပါရန် အဆိုကို ပြန်လည် ရုပ်သိမ်းပြီးတော့ ချင်းပြည်နယ်တွင် ကျန်းမာရေးဝန်ထမ်းများ လို သောဒေသများသို့ စေလွှတ်ပေးပါရန်အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ ချင်းပြည်နယ်ရှိ ရေဒွာမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးပါရန်အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ်ရယူခြင်း**

**အချိန်။၁၁း၅၅။**

**ဥက္ကဋ္ဌ။** ။ယခုဆက်လက်ပြီးတော့ အဆိုသစ်တင်သွင်းခြင်းကိစ္စကို ဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချ င်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးပေါ်လျှံလွင်က ချင်းပြည်နယ်ရှိ ရေဒွာမြို့နယ်ခွဲကို မြို့နယ်အဆင့်သို့တိုးမြှင့်ပေးပါ ရန်နှင့် စပ်လျဉ်းတဲ့ အဆိုတစ်ရပ် တင် သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထား ပါတယ်။ ဦးပေါ်လျှံလွင် အဆို တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်။ ၁၁း၅၆။**

**ဦးပေါ်လျှံလွင်၊ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်တော် ကြီးများခင်ဗျား။ ကျွန်တော့်အဆိုကို ဒုတိယအကြိမ် ခွင့်ပြုတဲ့အတွက် အထူးကျေးဇူးတင်ရှိပါကြောင်းနဲ့ လွှတ်တော် ကိုယ်စားလှယ်တော်များအားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်ရင်း ကျွန်တော့်ရဲ့အဆိုကိုရှင်းလင်း ပါ့မယ်။ ရေဒွာမြို့ဟာ ချင်းပြည်နယ်ရဲ့အလယ်ဗဟိုကျသော မြို့တစ်မြို့ ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် မှာ နိုင်ငံတော်အစိုးရ နယ်စပ်ဖွံ့ဖြိုး ရေးအစီအစဉ်ဖြင့်ပေးထားတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ ဂန့်ဂေါ အရှေ့ဘက်မှာရှိတဲ့ ဂန့်ဂေါကနေ(၁၀၅)မိုင်ဝေးကွာပြီးအနောက်ဘက် အိန္ဒိယနယ်စပ်နဲ့ (၄၅)မိုင် ကွာဝေးပါတယ်။မြောက်ဘက်အနီးဆုံးဖြစ်တဲ့ ဟားခါးနဲ့(၁၀၅)မိုင်ကွာဝေးပြီး ထန်တလန်မြို့နဲ့ (၁၀၅)မိုင်ကွာဝေးပါတယ်။ မြို့နယ်တစ်မြို့နယ်တည်းဖြစ်တဲ့ မတူပီမြို့နယ်နဲ့ (၆၆)မိုင် ကွာ ဝေး

လျက်ရှိပါတယ်။ဒေသဇရိယာခန့်မှန်းဧက(၉၀၀၀)လောက် ရှိပါတယ်။ ကျွန်တော်တို့ ရေဇွာမြို့နယ်ဟာ ယခုမှ တင်ပြတာ မဟုတ်ပါဘူး။ အစိုးရအဆက်ဆက်က မြို့နယ်အဆင့် ပေးရန် အစီအစဉ် အကြိမ်ကြိမ် ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် မပေးနိုင်သေးတာ ဖြစ်ပါတယ်။ လက်ရှိအခြေအနေ မြို့နယ်ခွဲပေးတဲ့ အခါမှာ မြို့နယ်အင်္ဂါရပ်နဲ့ ဖြစ်နိုင်လောက်သော ဌာနဆိုင်ရာ ရုံးအသီးသီးရှိပါတယ်။ ဒုတိယ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ တရားရုံး၊ စည်ပင်သာယာရုံး၊ သစ်တောရုံး၊ လူဝင်မှု ကြီးကြပ်ရေးရုံး၊ အထက် တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ပြည်သူ့ရဲစခန်း (က)အဆင့်၊ ကြေးနန်းနှင့် စာတိုက်၊ လျှပ်စစ်ရုံး၊ (၁၂၆)ကီလိုဝပ် ဒီဇယ်ဓါတ်အားပေးစက်ရုံနှင့် မြို့ပေါ်နေလူထု (၂၀၀၀)ခန့် ရှိပါတယ်။ အဲဒါကြောင့်မို့လို့ ဒီအင်္ဂါရပ်နဲ့ ပြည့်စုံပြီးသားမြို့ကို မြို့နယ်အဆင့်သို့ တိုးမြှင့်ပေးရင် အစိုးရ နိုင်ငံတော်အနေနဲ့ သိပ်ဘတ်ဂျက် ထိခိုက်မယ်မဟုတ် တာကြောင့်လည်း ကျွန်တော် ဆင်ခြင်မိပါတယ်။ လမ်းပန်းဆက်သွယ်ရေးကလည်းပဲ ဟားခါးက သော်လည်းကောင်း၊ ဂန့်ဂေါက သော်လည်းကောင်း၊ မင်းတပ်၊ မတူပီ မှသော်လည်းကောင်း၊ ပေါက်ရောက်ပြီးသား နေရာဖြစ်တဲ့ ရေဇွာမြို့ရဲ့ (၈)မိုင်ကွာဝေးတဲ့ ဆားထွန်းကျေးရွာ အနီးမှာ လည်းပဲ ပြည်ထဲရေး ဝန်ကြီးဌာနက လေယာဉ်ကွင်းအဖြစ် ကြည့်ရှုပြီးသား နေရာလည်းရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်ရေဇွာမြို့နယ် အား မြို့နယ်ခွဲအဆင့် မှ မြို့နယ်အဆင့်သို့ တိုး မြှင့်ပေးပါရန် အဆိုတင်သွင်းခြင်း ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကျွန်တော်ရဲ့ အဆို တင်သွင်းခြင်းအပေါ် အစိုးရကျွန်တော်တို့ ဗဟိုအစိုးရ၊ ပြည်န ယ်အစိုးရ ပေါ်ပေါက်လာပြီ ဖြစ်တဲ့အတွက် ပြည်နယ် ကိစ္စများကို ပြည်နယ် နယ်နိမိတ်၊ မြို့နယ် ၊ ခရိုင်များစသည့် မြို့နယ်များရဲ့ နယ်နိမိတ်များ နဲ့ ပတ်သက်သောကိစ္စရပ်များကို ပြည်နယ် ဝန်ကြီးချုပ်ကထောက်ခံပြီး ပြည်နယ်သမ္မတ ထံသို့ တင်ပြရမည်ဟု အ ခြေခံဥပဒေအခန်းကြီး(၂)ပုဒ်မ၅၄တွင် ဖေါ်ပြထားသည့်အတွက် ကျွန်တော့် အဆိုအား ဒီနေ့မှ တင်သွင်း ဆုံးဖြတ်မယ်ဆိုရင် လုပ်ငန်းသဘောအရ အခက်အခဲ ရှိနိုင်ပါကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော့်အဆိုအစား ကျွန်တော် အဆိုကို မေးခွန်းအဖြစ် ဥက္ကဋ္ဌက ပြောင်းလဲ ပေးပါရန် ကျွန်တော် လေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်။ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ ဦးပေါ်လျှံလွင်က ချင်းပြည်နယ်ရေဇွာမြို့နယ်ခွဲကို မြို့နယ်အဆင့် သို့ တိုးမြှ င့်ပေးပါရန်အဆိုကို မေးခွန်း အဖြစ် ပြောင်းပေးပါရန် တင်ပြချက်နဲ့ပတ်သက်ပြီး ခွင့်ပြု ပါတယ်။

**ဥက္ကဋ္ဌ**။ ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ကို (၁၇၊၁၈၊၁၉၊၂၀)မတ်လမှာ လေးရက်ရပ်နားမှာဖြစ်ပါတယ်။ လွှတ်တော်ရပ်နားထားတဲ့ကာလ အတွင်းမှာ လွှတ်တော် ကိုယ်စားလှယ်အားလုံးဘေးမသီရန်မခဘဲ ရွှင်လန်းချမ်းမြေ့စွာ သွားလာနေ ထိုင်နိုင်ကြပါစေကြောင်းမေတ္တာပို့သနေမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ရပ်နားခြင်းနှင့် အစည်းအဝေး ၁၂ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက် သတ်မှတ်ခြင်း

**အချိန်။၁၂း၀၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော်ပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ အမျိုးသားလွှတ် တော် ပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ၂၀၁၁ ခုနှစ်၊ မတ်လ ၂၁ ရက် (တနင်္လာနေ့) ၁၀း၀၀နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာ ပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ပြန်လည်ထွက်ခွာ နိုင်ပါပြီ ခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် ၁၁ ရက်မြောက်နေ့ အစည်းအဝေးကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]